ရေကြေးမှန်

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 26 November 2023 ၁၁၂၉၁

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ် ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒကွိဏာသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကုံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ကထိန်အလှူခံ မာရဝိဇယကျောင်းတော်ကျောင်းထိုင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

အခမ်းအနားသို့ လယ်ဝေးမြို့ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒအမှူးပြုသည့် ဆရာတော်ကြီးများနှင့် မာရဝိဇယကျောင်းတော်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယ ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ➲

ကြားမှု

တောင်သူ ရွှင်ပြုံး လမြတ်တန်ဆောင်မုန်း

တန်ဆောင်မုန်းလသည် မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် အဌမမြောက်လ ဖြစ်သည်။ တန်ဆောင်မုန်းကို ပုဂံခေတ်ကျောက်စာတွင် "တန်ဆောင်မှန်၊ တန်ဆောင်မှန်း"ဟု ရေးထိုးထားကြသည်။ ယင်းမှတစ်ဖန် တန်ဆောင်မုန်း ဖြစ်လာ ဟန်တူသည်။ "တန်ဆောင်"သည် မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရသည်။ "မှန်း" မှာ တောက်ပစေခြင်း၊ ထွန်းညှိခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဆီမီးတန်ဆောင် ထွန်းပြောင်သောလဟု ဆိုနိုင်သည်။

တန်ဆောင်မုန်းလတွင် ရက်အားဖြင့် ရက် ၃၀ ရှိသည်။ နာရီအားဖြင့် နေ့ ၂၈ နာရီ၊ ညဉ့် ၃၂ နာရီရှိသည်။ နေ့တာတို၏ ညတာရှည်သောလဖြစ်သည်။ ရာသီအလို ဗြိဿာခေါ်သည်။ ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ ကျီးတာရာ ထွန်းပသည်။ ရာသီရုပ်မှာ ကင်းမလက်မည်းပုံဖြစ်သည်။ ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်နေ့တွင် ဆေးပင်အပေါင်းကိုစောင့်သော နတ်တို့သည် မဲဇလီပင်စောင့်နတ်မင်းအား တည်ကြည်တည်ကြည်ကိုးကွယ်ကြသည်ဟု ဆိုသည်။ သို့ကြောင့် မဲဇလီပင်သည် ဆေးပေါင်းခသည့်အပင်ဖြစ်သည်ဟု ရှေးအယူ အဆရှိကြသည်။

"ခဝဲပွင့်ချိန် ခင်းကထိန်" အစချီသော ကင်းဝန်မင်းကြီး၏ သံပေါက်လက်ာအရ တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ ဤလတွင် ပွင့်သောပန်းကို နက္ခတ်ကြိုက်ပန်းဟု ဆိုကြသည်။ ထို့အပြင် အသီးတွင် ခေါင်းပါရှိသော ဓားခဝဲများ လည်း ရှိသေးသည်။ ဓားခဝဲသည် ချက်ပြုတ်စားသောက်ရာတွင် အရသာရှိသည်။ တောင်သူလယ်သမားဦးကြီးများအတွက် အားဖြည့်ပေးသော အာဟာရတစ်မျိုး ပင်ဖြစ်သည်။ တန်ဆောင်မုန်းလတွင် ကောက်စောစပါးများ မှည့်ဝင်းငိုက်တွဲကုန်ပြီ ဖြစ်သည်။ ထို့ကြောင့် တောင်သူများ အားသွန်ခွန်စိုက် ကောက်ရိတ်သိမ်းမှုပြုကြ သည်။ တောင်သူရွှင်ပြုံး တန်ဆောင်မုန်းဟုလည်း ဆိုကြသည်။

မွန် ဆယ့်နှစ်ရာသီဖွဲ့တွင်လည်း တန်ဆောင်မုန်းလကို "တန်ဆောင်မုန်းလ ရောက်သောအခါ မရွှဲသီးရင့်ချိန်တန်ပြီဖြစ်၍ လူများသည် လယ်တောများသို့ ပြောင်းရွှေ့သွားကြသဖြင့် မွန်ရွာများအားလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိကြကုန်သည်။ တန်ဆောင်မုန်းလတွင် အလျှုသက်န်းများကို ဆက်ကပ်လှူဒါန်းရန် ကထိန်ခင်းကြကုန်သည်။ အချို့သည်လည်း မြို့ရွာများမှ သကြားများကိုဝယ်ယူပြီး လယ်တောများ၌ မုန့်ဆန်းများ စုထောင်းကြကာ တပျော်တပါး နယ်ကြ၊ ဝေကြ၊ စားကြကုန်သည်"ဟု ဖွဲ့ဆိုထားသည်။ စင်စစ် တန်ဆောင်မုန်းလသည် မွေ့လျော်ဖွယ်ကောင်းသောလဖြစ်သလို အထူးသဖြင့် တောင်သူလယ်သမားများ ပျော်ရွှင် ချမ်းမြေ့ကြသော လဟုလည်းဆိုထိုက်သည်။

မွေ့လျော်ဖွယ်ကောင်းသော တန်ဆောင်မုန်းလ၏ ထင်ရှားသောအမှတ်အသား မှာ အလှူကထိန်ခင်းခြင်းဖြစ်သည်။ ဤလသို့ရောက်သောအခါ မြန်မာနိုင်ငံ အရပ်ရပ်၌ ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ကထိန်အလှူပွဲများ စုပေါင်းကျင်းပကြသည်။ ရှေးခေတ်အခါက "နတ်တော်မည်ရ၊ နတ်လရာသီ၊ ခါတော်မီဟု အက်ျီဒုယင်၊ ရွှေနန်းခွင်ဝယ်၊ ဘုရင်နေမျိုး၊ မြတ်သတိုးဟု၊ ဆင်ရိုးသစ်လဲ၊ မင်းပွဲတစ်ရပ် ခေါ်ပညတ်လျက်၊ ဖျဉ်ထပ်မင်္ဂလာ"ဟု မဟာအတုလမင်းကြီးမှတ်တမ်းအရ ထေရဝါဒ ဗုဒ္ဓဘာသာအခြေမခံသော နတ်ပွဲ၊ နတ်ချေ့ပွဲများရှိခဲ့သည်။ နတ်ပွဲများနှင့်အတူ ဖျဉ်ထပ်မင်္ဂလာပွဲတော်ကို နတ်တော်လတွင် ကျင်းပကြကြောင်းသိရသည်။ ဖျဉ်ထပ်မင်္ဂလာပွဲဆိုသည်မှာ ရှင်ဘုရင်က အမတ်ကြီးများနှင့် ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့အား သင့်ရာအဝတ်အထည်တို့ကို ဆုလာဘ်အဖြစ် ချီးမြှင့်သည့်ပွဲ ဖြစ်သည်။ ဘုရင်ကိုယ်တိုင်လည်း ဝတ်လဲတော် အဟောင်းအသစ် လဲလှယ်ဝတ်ဆင် သည့်ကာလဖြစ်သည်။

တန်ဆောင်မုန်းလ၏ အခြားထင်ရှားသည့်ပွဲမှာ ဆီမီးထွန်းပွဲတော်ဖြစ်သည်။ တန်ဆောင်တိုင် ဆီမီးထွန်းပွဲတော်၏မူလဖြစ်ဖျားခံရာမှာ နက္ခတ်သဘင်ပွဲဖြစ်သည်။ ထိုပွဲမှာ ဗုဒ္ဓဘာသာမှဆင်းသက်သော ဘာသာရေးပွဲတော်မဟုတ်ဘဲ လောကီ ပျော်ရွှင်မှုတို့ကို ပိုမိုအလေးထားသော နက္ခတ်သဘင်ပွဲဖြစ်သည်။ နက္ခတ်ပွဲသဘင်မှာ ဗုဒ္ဓမပွင့်မီ နှစ်ပေါင်း ထောင်ပေါင်းများစွာကပင် ထွန်းကားခဲ့သောပွဲတော်ဖြစ်သည်။ အစဉ်အလာအားဖြင့် ရှေးမင်းအဆက်ဆက်တို့က နှစ်စဉ်ကျင်းပသော မီးထွန်း ပွဲတော်ဖြစ်ကြောင်း ဇာတ်နိပါတ်များတွင်တွေ့ရသည်။ ဤလ၊ ဤရက်တွင် ရှေးဘုရင် ဇကရာဇ်တို့က ဆီမီးရောင်ရှိန် တထိန်ထိန် ထွန်းညှိခြင်းဖြင့် တန်ဆောင် တိုင်ပွဲတော်ကို ခြိမ့်ခြိမ့်သဲကျင်းပကြသည်။ ဆီမီးထွန်းပွဲသည် ကြတ္တိကာနက္ခတ် အတွက်ဖြစ်ခဲ့သည်။ ယခုအခါ တန်ဆောင်မုန်းလ တန်ဆောင်တိုင်ပွဲတော်ကို ဘုရား မြတ်စွာအား ရည်မှန်းပူဇော်ကြသည်။

မည်သို့ပင်ဖြစ်စေ တန်ဆောင်မုန်းလသည် လောကတစ်ခွင် ကြည်လင်ထွန်းပ ပြီး ဥတုသပ္ပာယမျှတသည့် မွေ့လျော်ဖွယ်ကောင်းသောလဖြစ်သည်နှင့်အညီ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူများ ရှေးယဉ်ကျေးမှု ကောင်းမြတ်သောအစဉ် အလာများဖြစ်သော ကထိန်သင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းခြင်း၊ မြတ်စွာ ဘုရားရှင်အားရည်မှန်း၍ ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ခြင်း စသည့်ကောင်းမှုအစုစု တို့ကို ပြုလုပ်ကြသော လမြတ်မင်္ဂလာ အချိန်အခါကောင်းဖြစ်ပါကြောင်း။ ။

၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၇-၁၂-၂၀၂၃)

၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။

★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။

★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

ကျောက်တန်းမြို့နယ်၌ သဘာဝမြေဩဇာရွက်ဖျန်းဆေးနှင့် တမာပိုးသတ်ဆေးများ ထောက်ပံ့

ကျောက်တန်း နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်း မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်း သီးနှံပဲတီစိမ်း GAP နည်းစနစ်ဖြင့် ဧက ၂၀၀ စိုက်ပျိုးမည့် ကျုံကန်ကျေးရွာမှ တောင်သူဦးကြီးများအား သွင်းအားစု သဘာဝမြေဩဇာရွက်ဖျန်းဆေးနှင့် တမာ ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျောက်တန်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးရုံး၌ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ထောက်ပံ့ပေးအပ်ပွဲသို့ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး အောင်သန်းထွန်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်း ဝင်းလတ်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးခင်ဝင်းတို့ တက်ရောက်ကြပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးသန့်က GAP နည်းစနစ်တွင် တောင်သူများ လိုက်နာဆောင်ရွက်ရမည့် အလေ့အကျင့် ကောင်းများကို ရှင်းလင်းပြောကြား ခဲ့သည်။ **တင်ဝင်းဝင်**

လက်ပံတန်းမြို့၌ အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့ ကွင်းဆင်းကုသပေး

သာယာဝတီ နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကု၊ သားဖွားမီးယပ်၊ အရိုးအကြောအထူးကု၊ သွားနှင့် ခံတွင်းအထူးကု ဆရာဝန်ကြီးများသည် နိုဝင်ဘာ ၂၃ ရက်က လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံကြီး၌ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဝေဒနာရှင်များအား ကွင်းဆင်းကုသပေးရာ ဝေဒနာ ရှင်ပေါင်း ၁၀၉ ဦး လာရောက်ကုသမှု ခံယူကြကြောင်း သိရ သည်။

အထူးကုဆရာဝန်ကြီးနှင့် အဖွဲ့အား မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ တင်ဇော်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်း များ၊ လူမှုရေးအဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။ **အောင်ဆင့်**

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြားမှု

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အကြီးတန်း သတင်းထောက်များ**	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်စိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အငယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာပြင်**	- ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာတည်းများ		**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂုဂ၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀۶ဂ-၃۶၁၂۶၊ စာတည်းအဖွဲ့ ၀۶ဂ-၃۶၁၂၈၊ ၀۶ဂ-၃۶၁၃၀၊ ဖက်စ် ၀۶ဂ-၃۶၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈۶၁၀۶၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂۶၁၄၅၅၄၊ ဖြန့်ချိရေး ၀၁-၂۶၂၈၃၀၊ ကြော်ငြာ ၀၁-၃۶۷۲၃၀၊ ဖက်စ် ၀၁-၂۶۷۲۲၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် ဇည့်ပရိသတ်များ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ပေါက်မြိုင်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ပေါက်မြိုင်ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျှာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြစဉ်။

✪ ရှေ့ဖုံးမှ

အခမ်းအနား တက်ရောက်လာသည့် ဇည့်ပရိသတ်များသည် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့်ကထိန်လျှာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကိုလှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဇည့်ပရိသတ်အပေါင်းတို့သည် ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပေါက်မြိုင်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကထိန်အလှူခံ မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံ ကထိန်လျှာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဇည့်ပရိသတ်အပေါင်း တို့သည် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မဂ်လာဇေယျု ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ၁၆ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာကြားသည်။

ဆက်လက်၍ မာရဝိဇယကျောင်းထိုင်ဆရာတော်ကြီးထံမှ ရေစက်သွန်းတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် ပေါက်မြိုင်ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဇည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ဖြင့် ကျင်းပပြုလုပ်သည်။

စည်ကားများပြား

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားကျင်းပမည့် နေရာသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးကြာခွက်များကိုင်ဆောင်၍ လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များက ဦးရွှေရိုး ဒေါ်မိုးအက၊ အိုးစည်ဒိုးပတ်များ တီးမှုတ်၍လည်းကောင်း ကြိုဆိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထိုသို့ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံငယ် အလုံး ၄၅၀ ကို တစ်ပြိုင်တည်းလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများနှင့် အာရောဂျံ စိန်နားပန် မီးပုံးပျံ လွှတ်တင်ခြင်းများကို ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။ **စာမျက်နှာ ၅ သို့ ○**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားတွင် မီးပုံးပျံလွှတ်တင်မှုကို ဘုရားဖူးလာပြည်သူများ ကြည့်ရှုအားပေးကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက် လာကြသူများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံ လွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲ အခမ်းအနားတွင် မီးပုံးပျံ လွှတ်တင်မှုကို ကြည့်ရှုအားပေးကြစဉ်။

❍ စာမျက်နှာ ၄ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စွမ်းအားရှင်(၁) ညမီးကြီး မီးပုံးပျံ လွှတ်တင်မှု၊ သစ္စာမဏ္ဍိုင် စိန်နားပန်မီးပုံးပျံ လွှတ်တင်မှု၊ အားမာန်သစ်ညမီးကြီးမီးပုံးပျံလွှတ်တင်မှု၊ အောင်မြင်ခြင်းမိုးကောင်းကင် စိန်နားပန် မီးပုံးပျံ လွှတ်တင်မှုနှင့် ဆင်နှစ်ကောင် စိန်နားပန် မီးပုံးပျံ လွှတ်တင်မှုများကို ကြည့်ရှု အားပေးကြသည်။

ဖျော်ဖြေတင်ဆက်

မီးပုံးပျံများ လွှတ်တင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတ အဖွဲ့နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတ အဖွဲ့တို့မှ အနုပညာရှင်များနှင့် ပြင်ပ အနုပညာရှင်များက ယိမ်းအက အလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်၍ ရင်ပြင်တော်ကြီးပေါ်၌ လှည့်လည်ဖူးမြော်ကြည်ညိုရှု မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆီမီး ၃၆၀၀ ကို အတူတကွ ထွန်းညှိပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရင်ပြင်တော်ကြီးနှင့် ကျောက်စာရုံစေတီတော်များအတွင်း လှည့်လည်ဖူးမြော်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စု နယ်မြေနေပြည်တော် ဒဂ္ဂီဏာသီရိမြို့နယ် ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်ကာလ အတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင် ပူဇော်ထားရှိခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သဖြင့် အများပြည်သူများ အနေဖြင့် လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သန့်ရှင်းကျန်းမာဘေးရန်ကင်းကွာ အစားအစာ

ကမ္ဘာ့နိုင်ငံတိုင်းတွင် အချဉ်ဖောက်ထားသော အစားအစာများနှင့် အဖျော်ယမကာများသည် လူ့အသိုက်အဝန်းတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အချဉ်ဖောက်ထားသော အစားအစာများသည် ရာစုနှစ်များစွာကတည်းကပင် မြန်မာ့ဟင်းလျာ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့ပြီး ယခုအချိန်တွင်လည်း စားသုံးမှုများသော အစားအစာဖြစ်ပါသည်။ အမျိုးအစားအနေဖြင့် အချဉ်ဖောက်ထားသော အစားအစာများတွင် ဟင်းသီးဟင်းရွက်၊ နို့ထွက်ပစ္စည်း၊ အသားနှင့်ငါးတို့ပါဝင်ပြီး အချဉ်ဖောက်ထားသော အဖျော်ယမကာများတွင် အယ်လ်ကိုဟောပါဝင်သော အဖျော်ယမကာနှင့် အယ်လ်ကိုဟောမပါဝင်သော အဖျော်ယမကာဟူ၍ ထပ်မံခွဲခြားနိုင်ပါသည်။

ဒေါက်တာလဲ့လဲ့မိုး
စားသုံးသူရေးရာဦးစီးဌာန

အချဉ်ဖောက်ထားသော အစားအစာနှင့် အဖျော်ယမကာ အမျိုးမျိုးကို ပင်လယ်ရပ်ခြား ကုန်သွယ်မှုများမှ တစ်ဆင့်လည်းကောင်း၊ ခေတ်ရေစီးကြောင်းအရ အစားအစာယဉ်ကျေးမှု ဖလှယ်ခြင်းဖြင့်လည်းကောင်း ကမ္ဘာ့ဈေးကွက်အတော်များများတွင် ရရှိနိုင်ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ပြည်တွင်းထုတ်အချဉ်ဖောက်ထားသော အစားအစာများကို ဈေးကွက်တွင် ရရှိနိုင်သကဲ့သို့ ပြည်ပမှ တင်သွင်းသော ထုတ်ကုန်အရည်အသွေးဦးစားပေးသည့် အရသာအမျိုးမျိုး၊ ထုပ်ပိုးမှုပုံစံအမျိုးမျိုး ရှိသည့် အချဉ်ဖောက်ထားသော အစားအစာများကို စူပါမားကတ်၊ ကုန်တိုက်များတွင်ရရှိနိုင်ပါသည်။ ကမ္ဘာ့အရှေ့ပိုင်းနိုင်ငံများအနက် တရုတ်၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှာ အချဉ်ဖောက်ထားသော အစားအစာနှင့် အဖျော်ယမကာ ထိပ်တန်းတင်ပို့သော နိုင်ငံများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ထုတ်လုပ်သည့် အချဉ်ဖောက်ထားသော အစားအစာများကို ကမ္ဘာ့အဆင့်မီ စီးပွားဖြစ်ထုတ်လုပ်တင်ပို့မှုမှာ ကိန်းဂဏန်းအချက်အလက်များအရ တွင်ကျယ်မှုမရှိသေးပေ။

အချဉ်ဖောက်ခြင်းဖြစ်စဉ်

ကစော်ဖောက်ခြင်း သို့မဟုတ် အချဉ်ဖောက်ခြင်းတွင် ပရိုဘိုင်အိုတစ်များ၊ အကျိုးပြုဗက်တီးရီးယားများ ဥပမာအားဖြင့် လက်တိုဘက်စလက်စ် (Lactobacillus) သည် အချဉ်ဖောက်မည့် အစားအစာရှိ ကစီဓာတ်နှင့် သကြားဓာတ်များကို စားသုံးပြီး အယ်လ်ကိုဟောနှင့် လက်တစ်အက်စစ် ဓာတ်အဖြစ် ပြောင်းလဲပေးခြင်းဖြင့် အချဉ်ဖောက်ခြင်းဖြစ်စဉ်ကို ဖြစ်ပေါ်စေပါသည်။ ဤလက်တစ်အက်စစ်သည် သဘာဝအတိုင်း တာရှည်ခံပစ္စည်းအဖြစ် အချဉ်ဖောက်ထားသော အစားအစာများကို တာရှည်အထားခံစေပါသည်။ အချဉ်ဖောက်ခြင်းသည် အစားအစာများကို အလေအလွင့်မရှိစေဘဲ ပိုလျှံအစားအစာစွန့်ပစ်မှုအပြင် အစားအစာလေလွင့်ဆုံးရှုံးမှုလျှော့ချရန်နှင့် ကြာရှည်အထားခံစေသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် နှစ်ကာလအတန်ကြာကပင် ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို စဉ်အိုးကြီးများတွင် ထည့်သွင်းကာ ဝမ်းစာအဖြစ် နှစ်ပတ်လည်ထား စားသုံးခဲ့ကြပါသည်။

အချဉ်ဖောက်ထားသော အစားအစာများသည် လူတို့၏ အစာခြေစနစ်နှင့် အူလမ်းကြောင်း ကျန်းမာစေရန် ကူညီပေးသည့် အကျိုးပြုဗက်တီးရီးယားများ ဖြစ်သည့် ပရိုဘိုင်အိုတစ် ကြွယ်ဝသည်။ အစာခြေစနစ် ကောင်းမွန်စေ၍ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပြီး ကိုယ်အလေးချိန်လျှော့ချရန် ကူညီပေးနိုင်ကြောင်း သုတေသနပြုလေ့လာမှုများအရ သိရှိရပါသည်။ သို့ရာတွင် အချဉ်ဖောက်စဉ်တွင် သန့်ရှင်းမှုအားနည်းပါက အစားအစာညစ်ညမ်းမှုဖြစ်နိုင်ပြီး စားသုံးသူအား အဆိပ်အတောက်ဖြစ်စေ၍ ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်းစသည့် ရောဂါလက္ခဏာများ ခံစားရနိုင်ပြီး ပြင်းထန်ပါက အသက်အန္တရာယ်ကို ခြိမ်းခြောက်သည်အထိ ဖြစ်နိုင်ပါသည်။

အဆိပ်အတောက်အန္တရာယ်ဖြစ်စေ

အချဉ်ဖောက်ထားသော အစားအစာများသည် ယေဘုယျအားဖြင့် လူတို့စားသုံးရန် သင့်လျော်သော်လည်း အဆိပ်နှင့် ဆက်စပ်သော ကျန်းမာရေးအန္တရာယ်များ လုံးဝကင်းရှင်းခြင်းမရှိပါ။ အစားအစာညစ်ညမ်းမှုကြောင့်ဖြစ်သော ရောဂါဖြစ်ပွားစေသော ဗက်တီးရီးယားများ ဖြစ်သည့် Enterococcus၊ E.coli၊ Salmonella၊ Staphylococcus and Listeria strains အစရှိသည့် ဗက်တီးရီးယားများကြောင့် အချဉ်ဖောက်ထားသော အစားအစာများတွင် အဆိပ်အတောက်အန္တရာယ်ဖြစ်စေပါသည်။ ဗက်တီးရီးယားများ၊ ဗိုင်းရပ်စ်များနှင့် ကပ်ပါးပိုးများသည် အစားအသောက်မှတစ်ဆင့် ဇီဝဆိုင်ရာအန္တရာယ်များ ဖြစ်စေပါသည်။ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရူပဆိုင်ရာအန္တရာယ်များ၊ ဓာတုဆိုင်ရာအန္တရာယ်များနှင့် ဓာတ်မတည့်မှုဆိုင်ရာ အန္တရာယ်များကို အစားအစာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချစဉ် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး နည်းပညာ လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ပါသည်။

စားသောက်ကုန်များသည် လူတို့အတွက် နေ့စဉ် မရှိမဖြစ်လိုအပ်ချက်ဖြစ်ရာစားသုံးသည့်အစားအသောက်များတွင် အာဟာရများပါဝင်၍ အဆိပ်အတောက်ကင်းရှင်းမှသာ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ သို့ပါ၍ အစားအစာ ထုတ်လုပ်သူများက ကျန်းမာရေးနှင့် ညီညွတ်သော ထုတ်ကုန်များ ထုတ်လုပ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပညာရှင်များက ထောက်ခံအကြံပြုထားသော ကျင့်စဉ်ကောင်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဆိုပါက ဘေးအန္တရာယ်ကင်း၍ လုံခြုံစိတ်ချရသော စားသောက်ကုန်များ ရရှိနိုင်မည်ဖြစ်ပါသည်။

အစားအစာ အရည်အသွေးနှင့် ထုတ်ကုန်ဘေးကင်းလုံခြုံရေးဟု ကြွေးကြော်နေသော မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများတွင် အသားများ၊ ရေထွက်ကုန်ပစ္စည်းများ၊ နို့ထွက်ပစ္စည်းများ၊ ကောက်ပဲသီးနှံများနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများစသည့် အစားအစာအမျိုးမျိုးကို အချဉ်တည်ခြင်း သို့မဟုတ် အချဉ်ဖောက်ခြင်းတို့တွင် ရိုးရာဓလေ့နည်းသာမက နည်းပညာလိုအပ်ချက်နှင့်အညီ ခေတ်မီထုပ်ပိုးမှုမျိုးစုံဖြင့် ပေါင်းစပ်ပြုပြင်၍ ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ထုတ်ကုန်ဘေးကင်းလုံခြုံရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ထုတ်ပြန်ထားသော စားသောက်ကုန်တွင် လိုက်နာရမည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်လာကြပါသည်။ ယင်းတို့ကို ပြည်ပမှ တင်သွင်းသည့် ထုတ်ကုန်များတွင် ဖော်ပြပါရှိသော ကုန်အညွှန်းအမှတ်တံဆိပ်နှင့် အရည်အသွေးဆိုင်ရာ ထောက်ခံချက် အမှတ်တံဆိပ်များကို ထုပ်ပိုးမှုများတွင် တွေ့မြင်ရမည်ဖြစ်ပါသည်။

ပြည်တွင်းထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတစ်နိုင်ငံ၏ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် အငယ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် အရေးပါသည့်အတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအဖြစ် ကုန်ကြမ်းမှ သည် ကုန်ချောဆီသို့ တန်ဖိုးမြှင့် ထုတ်ကုန်အထိ ထုတ်လုပ်၍ ဈေးကွက် အရောက် တင်ပို့ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။

အချဉ်ဖောက်ထားသော စားသောက်ဖွယ်ရာများကို ထုတ်လုပ်

မြန်မာနိုင်ငံ၏ မြို့တိုင်း၊ ဒေသတိုင်းတွင် ဒေသအလိုက် ရိုးရာယဉ်ကျေးမှုများ ရှိပါသည်။ စားသောက်ဖွယ်ရာအသီးသီးသည် ဒေသ၏ ရိုးရာယဉ်ကျေးမှုကို သာမက ယင်းဒေသ၏ သမိုင်းကိုပါ ထင်ဟပ်စေသည့် သာဓကများစွာရှိပါသည်။ ဥပမာအားဖြင့် ပျဉ်းမနားမျှစ်ချဉ်၊ အသီးဆားရည်စိမ်များ၊ ပဲပိစပ်များ၊ နှမ်းဖတ်ချဉ်၊ မြေပဲချဉ်ဖတ်၊ ပုံးရည်ကြီး၊ လက်ဖက်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ အရက်၊ ဘီယာနှင့် အဖျော်ယမကာများ အစရှိသည့် အချဉ်ဖောက်ထားသော စားသောက်ဖွယ်ရာများကို ထုတ်လုပ်လျက်ရှိပါသည်။

ယင်းတို့ကို တန်ဖိုးမြှင့်ထုတ်ကုန်များ အဖြစ် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားပေး၍ အာမခံချက်ရှိသော အစားအစာ ဘေးအန္တရာယ်ကင်းရှင်းခြင်းနှင့် အရည်အသွေးပြည့်ဝရေးကို အလေးထားထုတ်လုပ်ရန်နှင့် ထုပ်ပိုးမှုပုံစံသည်လည်း သန့်ရှင်းသေသပ်လှပ၍ စားချင်စဖွယ်ဆွဲဆောင်မှုရှိရန် လိုအပ်ပါသည်။ သို့မှသာ ထုတ်ကုန်အမျိုးအစားတူညီမှုရှိပါက ယုံကြည်စိတ်ချရသည့် ထုတ်ကုန်သည် ဈေးကွက်ဝင်၍ မျက်နှာပန်းလှမည်ဖြစ်ပြီး ယှဉ်ပြိုင်အနိုင်ရမည်ဖြစ်ပါသည်။

> **“ ဒေသတွင်း ထုတ်ကုန်လုပ်ငန်းများမှ အသားများ၊ ရေထွက်ကုန်ပစ္စည်းများ၊ နို့ထွက်ပစ္စည်းများ၊ ကောက်ပဲသီးနှံများနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများစသည့် အစားအစာ အမျိုးမျိုးအား အချဉ်တည်ခြင်း သို့မဟုတ် အချဉ်ဖောက်ခြင်းနည်းများဖြင့် စားသောက်ဖွယ်ရာများကို ထုတ်လုပ်လျက်ရှိပါသည်။ ယင်းတို့ကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားပေး၍ အာမခံချက်ရှိသော အစားအစာဘေးအန္တရာယ်ကင်းရှင်းခြင်းနှင့် အရည်အသွေးပြည့်ဝရေးကို အလေးထားထုတ်လုပ်ရန်နှင့် ထုပ်ပိုးမှုပုံစံသည်လည်း သန့်ရှင်းသေသပ်လှပ၍ စားချင်စဖွယ်ဆွဲဆောင်မှုရှိရန် လိုအပ် ”**

ဒေသတွင်း ထုတ်ကုန်လုပ်ငန်းများမှ အသားများ၊ ရေထွက်ကုန်ပစ္စည်းများ၊ နို့ထွက်ပစ္စည်းများ၊ ကောက်ပဲသီးနှံများနှင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံများစသည့် အစားအစာ အမျိုးမျိုးအား အချဉ်တည်ခြင်း သို့မဟုတ် အချဉ်ဖောက်ခြင်းနည်းများဖြင့် ရရှိလာသည့် အသားချဉ်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ဟင်းသီးဟင်းရွက်ချဉ်ဖတ်များ၊ မျှစ်ချဉ်၊ မုန်ညင်းချဉ်၊ ပုဂံပုံးရည်ကြီး၊ ပဲခူးငါးချဉ် စသည်ဖြင့် အထင်ကရရှိကြပါသည်။ ထို့ကြောင့် ဒေသတွင်း ထုတ်ကုန်လုပ်ငန်းများမှ အသားများ၊ ရေထွက်ကုန်ပစ္စည်းများ၊ နို့ထွက်ပစ္စည်းများ၊ ကောက်ပဲသီးနှံများနှင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံများစသည့် အစားအစာ အမျိုးမျိုးအား အချဉ်တည်ခြင်း သို့မဟုတ် အချဉ်ဖောက်ခြင်းနည်းများဖြင့် ရရှိလာသည့် အသားချဉ်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ဟင်းသီးဟင်းရွက်ချဉ်ဖတ်များ၊ မျှစ်ချဉ်၊ မုန်ညင်းချဉ်၊ အသီးဆားရည်စိမ်များ၊ ပဲပိစပ်များ၊ နှမ်းဖတ်ချဉ်၊ မြေပဲချဉ်ဖတ်၊ ပုံးရည်ကြီး၊ လက်ဖက်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ အရက်၊ ဘီယာနှင့် အဖျော်ယမကာများ အစရှိသည့် အချဉ်ဖောက်ထားသော စားသောက်ဖွယ်ရာများကို ထုတ်လုပ်လျက်ရှိပါသည်။

ယင်းတို့ကို တန်ဖိုးမြှင့်ထုတ်ကုန်များ အဖြစ် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားပေး၍ အာမခံချက်ရှိသော အစားအစာ ဘေးအန္တရာယ်ကင်းရှင်းခြင်းနှင့် အရည်အသွေးပြည့်ဝရေးကို အလေးထားထုတ်လုပ်ရန်နှင့် ထုပ်ပိုးမှုပုံစံသည်လည်း သန့်ရှင်းသေသပ်လှပ၍ စားချင်စဖွယ်ဆွဲဆောင်မှုရှိရန် လိုအပ်ပါသည်။ သို့မှသာ ထုတ်ကုန်အမျိုးအစားတူညီမှုရှိပါက ယုံကြည်စိတ်ချရသည့် ထုတ်ကုန်သည် ဈေးကွက်ဝင်၍ မျက်နှာပန်းလှမည်ဖြစ်ပြီး ယှဉ်ပြိုင်အနိုင်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ယခုအခါ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ ပြည်တွင်းထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ရန် ကြိုးစားနေခြင်းဖြစ်ရာ ပထဝီဝင် တည်နေရာအရ တရုတ်နှင့် အိန္ဒိယ စသည့် နိုင်ငံကြီးများနှင့် အလွန်နီးစပ်သောကြောင့် ကြီးမားသော စားသုံးသူ ဈေးကွက်သို့ ထုတ်ကုန်များကို တင်ပို့နိုင်သည့် အခွင့်အလမ်းများစွာရှိနေခြင်းကြောင့် ဈေးကွက်လိုအပ်ချက်များအပြင် စားသုံးသူများ၏ မျှော်လင့်ချက်များနှင့် ကိုက်ညီသည့် အချဉ်ဖောက်ထားသော အစားအသောက်ထုတ်ကုန်များ ထုတ်လုပ်လာစေရန် ရည်ရွယ်၍ ရေးသားတင်ပြအပ်ပါသည်။ ။

စိုက်ပျိုးရေပိုမိုတိုးတက်ရရှိနိုင်ရေးအတွက် ဒေသအလိုက်ရေရရှိရေးနည်းလမ်းများ စူးစမ်းရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ဧရယာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအနီး ကျောက်ချက်တံတားအောက် ဆင်သေချောင်းအတွင်း တစ်နှစ်ပတ်လုံး ရေထိန်းထားရန်နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပစေရေး စီမံဆောင်ရွက်ရန်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ယာယီရေထိန်းတမံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာကာ ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုများ လျော့နည်းလာခြင်းနှင့် ယခုနှစ် အယ်လ်နီညိုကာလဖြစ်စဉ်များကြောင့် စိုက်ပျိုးရေပိုမိုတိုးတက်ရရှိနိုင်ရေးအတွက် ဒေသအလိုက် ရေရရှိရေးနည်းလမ်းများ စူးစမ်းရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုတည်ဆောက်လျက်ရှိသည့် ဆင်သေချောင်း ယာယီချောင်းပိတ်ဆည်အနီးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကောင်ရေ ၁၀ ကောင်ရှိသော ဆိုလာရေတင်စက်ရုံ တပ်ဆင်ထားရှိပြီး အနီးပတ်ဝန်းကျင်ရှိ လယ်မြေများသို့ စိုက်ပျိုးရေ ပေးဝေလျက်ရှိရာ ယာယီရေထိန်းတမံ တည်ဆောက်မှုလုပ်ငန်းပြီးစီးပါက ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဖွံ့ဖြိုးရေးကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒကွ်ဇာသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအနီးရှိ ပုလွေးချောင်းပေါ်တွင် ယာယီရေထိန်းဆည်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ပုလွေးချောင်း ယာယီရေထိန်းဆည်တွင် စိုက်ပျိုးရေရရှိစေရေးလုပ်ငန်းတစ်ခု၊ ရိုးနှင့် ချောင်းများပေါ်တွင် ရေမြှင့်အဆောက်အအုံတည်ဆောက်၍ စိုက်ပျိုးရေရရှိရေး လုပ်ငန်းသုံးခု၊ ရေသွယ်မြောင်းဖောက်လုပ်၍ စိုက်ပျိုးရေရရှိရေးလုပ်ငန်း သုံးခုတို့ပါဝင်သဖြင့် လုပ်ငန်းများ အားလုံးပြီးစီးပါက ချောင်းမငယ် ဆည်ရေသောက်စနစ်အတွင်း စိုက်ပျိုးရေ ပိုမိုတိုးတက်ပေးဝေနိုင်မည်ဖြစ်ပြီး ဆင်အုံကန်ကို ရေကူဖြည့်တင်းပေးခြင်းမှတစ်ဆင့် ဆင်အုံကန်အောက်ပိုင်း ရေသောက်စိုက်ပျိုးမြေ ဧရိယာ ၄၆၀၇ ဧက၏ နွေစပါး၊ မိုးစပါးနှင့် ဆောင်းသီးနှံ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေတိုးတက်ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် သာစည်ကျေးရွာအနီး ရုံးပင်ချောင်းပေါ်တွင် ဆောင်ရွက်လျက်ရှိသည့် ယာယီရေထိန်းဆည်တည်ဆောက်ရေး လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ ရေသောက်ဧရိယာများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တောင်သူများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ရုံးပင်ချောင်းပေါ်တွင် ယာယီရေထိန်းဆည် ပြုလုပ်၍ မဒန်းဆည်ရေသောက်စနစ် လက်တံမြောင်းအမှတ်(၂) လက်တံခွဲ(၅)သို့ ရေကူဖြည့်တင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖေ၀ ရာခိုင်နှုန်းခန့် လုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ရုံးပင်ချောင်းယာယီရေထိန်းဆည် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက စိုက်ပျိုးဧရိယာ ဧက ၅၅၀ ကို ရေကူပေးဝေနိုင်မည်ဖြစ်သောကြောင့် ဆောင်းသီးနှံနှင့် နွေသီးနှံစိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်မည်ဖြစ်၍ ဒေသ၏ သီးနှံစိုက်စွမ်းအားများ ပိုမိုတိုးတက်လာစေခြင်းနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး လယ်ယာကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး အားပေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး သည် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ တစ်ဧကချင်း၏ သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းသားသစ်များ လျှောက်ထားမှု ရွေးချယ်မှုနှင့် ကျောင်းသား ကျောင်းသူများ ရောက်ရှိမှု၊ ကျောင်းအပ် လက်ခံနေမှု၊ ကျောင်းသား ကျောင်းသူများအား စာတွေ့လက်တွေ့ ပို့ချပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးအလယ်အလတ်အဆင့် ပညာရှင်များ အဖြစ် သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ကြစေရေးအတွက် စနစ်တကျ သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗဟလာစာအုပ်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အောင်မြေသာစံမြို့နယ်ရှိ သရက်ကုန်း ငါးလုပ်ငန်းစခန်း၌ ဆောင်ရွက်လျက်ရှိသည့် သဘာဝနည်းဖြင့် ငါးသားဖောက်မွေးမြူထားရှိမှု၊ ဆေးထိုးသားဖောက်နည်းဖြင့် ငါးသားဖောက်မွေးမြူထားရှိမှု၊ ပုဂ္ဂလိက ငါးမွေးမြူသူများကို ငါးသားပေါက်များ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု၊ ငါးသယံဇာတတိုးပွားရေးအတွက် သဘာဝရေပြင်ကျယ်ကြီးများတွင် ဘဏ္ဍာနှစ်အလိုက် ငါးမျိုးများစိုက်ထည့်ပေးနိုင်ရေး ဆောင်ရွက်နေမှု၊ ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက် နည်းပညာပေးဆောင်ရွက်နေမှုနှင့် ငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေသတ္တဝါ မွေးမြူထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် သုတေသနပြုဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ်ရှိ ပုဂ္ဂလိက မွေးမြူရေး အစာတောင့်စက်ရုံ၏ ကြက်လေး အစာမှုန့်၊ ကြက်လတ်အစာမှုန့်၊ အသားစားကြက် အစာတောင့်နှင့် ဥစားကြက် အစာတောင့်များ ထုတ်လုပ်ဖြန့်ဖြူးနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ နတ်ရေကန် ငါးလုပ်ငန်းစခန်း၏ ငါးသားဖောက် မွေးမြူထုတ်လုပ်ဖြန့်ဖြူးပေးနေမှု ကိုလည်းကောင်း၊ ပုဂ္ဂလိက ပြည်ပပို့ကုန် ငါးရှဉ့်အအေးခန်း စက်ရုံဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေးဦးစီးဌာနပိုင် မြေနေရာကို ၄ားရမ်းလုပ်ကိုင်လျက်ရှိသည့် စိုက်ပျိုးရေးအခြေခံကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်ရေး လုပ်ငန်းခွင်ကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အာမခံအလုပ်သမား၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်ဒဏ်ရာရရှိ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

ပြည် နိုဝင်ဘာ ၂၅

အလုပ်သမားဝန်ကြီးဌာန ပြည်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော ပေါက်ခေါင်းမြို့ အင်ငါးခွသကြားစက်ရုံမှ အာမခံအလုပ်သမားဦးသန်းဝင်း၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်ဒဏ်ရာရရှိ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးငွေများကို တာဝန်ရှိသူများက နိုဝင်ဘာ ၂၄ ရက်တွင် အဆိုပါစက်ရုံရှင်းလင်းဆောင်၌ သေဆုံးသူ၏မိသားစုထံ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးရာတွင် လူမှုဖူလုံရေးရုံး ပဲခူးတိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ပေါက်ခေါင်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အင်ငါးခွသကြားစက်ရုံမှ စက်ရုံမှူးနှင့် ဝန်ထမ်းများရှေ့မှောက်၌ ဦးသန်းဝင်း၏ လုပ်ငန်းခွင်ပြင်ပထိခိုက်ဒဏ်ရာရရှိ သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးငွေ စုစုပေါင်း ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိအား ၎င်း၏ဇနီး ဒေါ်ငြိမ်းငြိမ်းထံ လက်ဝယ်အရောက် ခွင့်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဧလ

ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

မကွေး နိုဝင်ဘာ ၂၅

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မကွေးမြို့ မင်းကံကြီးရပ်ကွက်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုက်တွန်းပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်း သစ္စာအမိန့်ခံနာန် (၆) ချက်၊ ကျင့်ဝတ်အပါး (၃၀)တို့ကို လိုက်နာစောင့်ထိန်းရေး၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရေး တိုက်တွန်းပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသည် မကွေးမြို့ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့်အညီ စနစ်တကျ မှတ်ပုံတင်နိုင်ရေး ကိစ္စနှင့် တိုင်းရင်းသားများအတွက် တိုက်ရိုက်အကျိုးခံစားစေမည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ စီစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားဒေသများတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် ဆောင်ရွက်မည့်လုပ်ငန်းများတွင်လည်း တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သက်ဆိုင်သည့်မြေများ ပါဝင်မှု ရှိ/မရှိ အချိန်နှင့် တစ်ပြေးညီ ကွင်းဆင်းစိစစ်ပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီသို့ သဘောထားမှတ်ချက်များ ပြန်ကြားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် တိုင်းရင်းသားအချင်းချင်း(သို့မဟုတ်) တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများထံ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ခွဲဝေအပ်နှင်းထားပြီး ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ အနေဖြင့် မိမိတို့၏ တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ညီညွတ်စွာ တင်ပြဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်း မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို တစ်ဖွဲ့လျှင် ထောက်ပံ့ငွေကျပ် ငါးသိန်းစီ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၃ ခုနှစ် စစ်ချွမ်း-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၅

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချုံချင့်မြို့နီစီပယ်အစိုးရ နိုင်ငံခြားရေးရာဌာန၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် ၂၀၂၃ ခုနှစ် စစ်ချွမ်း-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲ နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်(2023 Sichuan–Chongqing & Mekong Countries Sub–National Cooperation Forum) သို့ တက်ရောက်ခဲ့သည်။

ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်

မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကို အကျိုးဖြစ်ထွန်းစေရန်၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်စေရေး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖိုရမ်ကို ကျင်းပခဲ့ခြင်း ဖြစ်သည်။

ဖိုရမ်အကြို အစီအစဉ်အနေဖြင့် စစ်ချွမ်း-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ၏ ထုတ်ကုန်ပြပွဲကို နိုဝင်ဘာ ၂၂ ရက်တွင် ချုံချင့်မြို့ရှိ Guanyinqiao အရောင်းစင်တာ၌ ကျင်းပခဲ့ပြီး အဆိုပါအစီအစဉ်သို့ တရုတ်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်သည့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးတို့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တက်ရောက်

ညနေပိုင်းတွင် ချုံချင့်မြို့တော်ဝန်က တည့်ခင်းဧည့်ခံသည့် ညစာစားပွဲကို ချုံချင့်မြို့ရှိ Wudu ဟိုတယ်၌ ကျင်းပခဲ့ရာ တရုတ်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများမှ ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် အတူ မြန်မာကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

၂၀၂၃ ခုနှစ် စစ်ချွမ်း-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ချုံချင့်မြို့ရှိ နိုင်ငံခြားရေးရုံး၌ ကျင်းပရာ တရုတ်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ် ခေါင်းဆောင်များနှင့်အတူ မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးမင်းမင်း တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ဖိုရမ်တွင် ဆွေးနွေးမှုများသည် တရုတ်နိုင်ငံနှင့် မဲခေါင်ဒေသခွဲ နိုင်ငံများ အကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံပြီး နောင်အနာဂတ်တွင် ပိုမိုကြီးမားသော စီးပွားရေးပေါင်းစည်းမှုများကို လုပ်ဆောင်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်ရန် မြန်မာနိုင်ငံ အနေဖြင့် တရုတ်နိုင်ငံ၊ မဲခေါင်ဒေသခွဲနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံရှိ ချုံချင့်ဒေသအပါအဝင် မဲခေါင်ဒေသခွဲ နိုင်ငံများအကြား အပြန်အလှန်ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် အလားအလာရှိသော ကုန်စည်များကို ဖော်ထုတ်တင်ပို့ရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ ပို့ကုန်လုပ်ငန်းရှင်များနှင့် တင်သွင်းသူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက် အရေးကြီးပါကြောင်းနှင့် တရုတ်နိုင်ငံနှင့် မဲခေါင်ဒေသခွဲ နိုင်ငံများရှိ စီးပွားရေးလုပ်ငန်းရှင်များအကြား ထိတွေ့ဆက်ဆံမှုကို ပိုမိုအရှိန်မြှင့်တင်ရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် Bishan ခရိုင် New World ဟိုတယ်တွင် ကျင်းပသည့် ဖိုရမ်အစီအစဉ်၌ တရုတ်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံတို့မှ ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ မြို့တော်ဝန်များနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် မန္တလေး မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက် ဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

မြို့တော်ဝန် ဦးကျော်ဆန်းက မန္တလေးမြို့တော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ကုန်သွယ်မှုလမ်းကြောင်းနှင့် ကုန်ထုတ်လုပ်မှုအတွက် အရေးပါမှုများ၊ မန္တလေးနှင့် ပုဂံမြို့များ အပါအဝင် ဆက်စပ်ဒေသများ၏ ခရီးသွားလုပ်ငန်းများ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခဲ့သည်။

ဖိုရမ်သို့ တက်ရောက်နေသော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၄ ရက်တွင် ချုံချင့်မြို့ရှိ မော်တော်ယာဉ် ပြခန်းစင်တာ၊ ချုံချင့်မြို့ပြစီမံကိန်းဆိုင်ရာ ပြခန်း၊ ချုံချင့်မြို့ရှိ နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေး ပြခန်းများသို့ သွားရောက်လေ့လာကြသည်။

၂၀၂၃ ခုနှစ် စစ်ချွမ်း-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့်အတူ ချုံချင့် ဒုတိယမြို့တော်ဝန်၊ စစ်ချွမ်းပြည်နယ် လွတ်တော်အမြဲတမ်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ၊ အာဆီယံ-တရုတ် ဗဟိုဌာန၏ အထွေထွေအတွင်းရေးမှူးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လာအိုနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ထိုင်းနိုင်ငံ စီးပွားရေးကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗီယက်နမ်နိုင်ငံ Bang ပြည်နယ် ဒုတိယအတွင်းရေးမှူးတို့နှင့် တရုတ်နိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ နိုင်ငံတို့မှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ပြန်လည်ရောက်ရှိ

ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ဒုတိယဝန်ကြီးနှင့်အတူ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးတို့နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ ကျောဖုံးမှ

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၂၇ မိနစ်မှာ တိုက်စစ်မှူး ဟာလန်းက သွင်းယူပေးခဲ့တာဖြစ်ပြီး တိုက်စစ်မှူး ဟာလန်းအနေနဲ့ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဒေါ့မွန်အသင်းကနေ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း မန်စီးတီးအသင်းအတွက် သွင်းယူနိုင်ခဲ့တဲ့ ပရီမီယာလီဂ်သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ပြီလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းအနေနဲ့ မန်စီးတီးအသင်းကို ရောက်ရှိလာခဲ့ပြီးနောက်ပိုင်း ဘရန်းဖို့ဒ်အသင်းကလွဲရင် အခြားသောပရီမီယာလီဂ်ကလပ်အသင်းတွေတိုင်းကို ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

လီဗာပူးအသင်းအတွက် ချေပဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၈၀ မှာ နောက်တန်းကစားသမား အလက်ဇန္ဒားအာနိုးက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ အခုပွဲစဉ်မှာ သရေရလဒ်သာထွက်ပေါ်ခဲ့ပေမယ့် ဘရန်းဖို့ဒ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်မတိုင်မီ ပရီမီယာလီဂ်ပွဲစဉ်(၁၃)အပြီးမှာ ကိုးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၂၉ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းကလည်း မန်စီးတီးအသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်သာရယူနိုင်ခဲ့ပေမယ့် ပရီမီယာလီဂ်ပွဲစဉ်(၁၃)အပြီးမှာ ရှစ်ပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၂၈ မှတ်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်ခွင့်ရရှိနေတာဖြစ်ပါတယ်။ **ငွေကြေယ်**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် စတင်ကျင်းပ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွဲ့

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိုဏာသီရိမြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးတွင် ယနေ့ ညနေပိုင်းမှ စတင်၍ တန်ဆောင်တိုင် မီးထွန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွဲ့ကြသည်။

စနစ်တကျပို့ဆောင်

ဦးစွာ တာဝန်ရှိသူများက တန်ဆောင်တိုင် မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင်ဆင်နွဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေး အရလိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေး လွယ်ကူစေရန် အတွက် မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျပို့ဆောင်ပေးကြသည်။

ထို့နောက် တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူ ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ ပဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း တို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တရားဓမ္မ အသံများဖြင့် ထုံမွှမ်းလျက်ရှိသည်။

ထို့ပြင် ဘုရားကြီးဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ မီးပုံးပျံ အသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင် ပူဇော်ခြင်းတို့ဖြင့်လည်း နေပြည်တော်တန်ဆောင်မုန်းလ ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပွာယ်မှုများနှင့် အုံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအတူ နိုင်ငံကျော်တေးသံရှင်များ ကလည်း တေးသီချင်းကောင်းများဖြင့် သီဆိုဖျော်ဖြေကြရာ လာရောက်အားပေးနားဆင်ကြသည့် တေးချစ်သူများဖြင့်လည်း ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ ဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်၍ စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့် အပြင် ဒေသထွက်မြန်မာ့ရိုးရာ အစဉ်ကောင်းများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့် ဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင် မီးထွန်းပွဲတော်အား နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၆ ရက်ညပိုင်းတွင် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ ရေပန်းရင်ပြင်တော်၌ ရက်ကန်းစင် ကိုးစင်ဖြင့် မသိုးရွှေကြာသက်နီးစတင်ရက်လုပ်ပြီး နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ကပ်လှူပူဇော်သွားမည်ဖြစ်သည့် အတွက် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ ကုသိုလ်ယူ ပါဝင်နိုင်ကြောင်းလည်း သိရသည်။ **သတင်း – မျိုးဆက်သစ်**

ဓာတ်ပုံ – ထိန်အေး

ထို့ပြင် ဘုရားကြီးဝင်းအတွင်း ကိုယ်ပိုင်ဖန်တီးထားသော ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့် အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေး စောင့်ရှောက်မှု ဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ ကုသိုလ်ပြုပါဝင်ဆင်နွဲကြသူများ၏ ဝမ်းသာပီတိစကားသံများ

ပြည်ထောင်စု နယ်မြေနေပြည်တော် ဒက္ခိဏာသီရိမြို့နယ်အတွင်း တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်၌ ယနေ့ညနေပိုင်းမှစတင်၍ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ကိုထွေး

ဒေါ်အိအိကို

မရတနာအေး

ဒေါ်မိုးမိုး

ဒေါ်မာလာ

အဆိုပါပွဲတော်တွင် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ဆိုခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ အလှည်မီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ခြင်း၊ နာမည်ကျော် တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်၍လည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသည့် အစီအစဉ်ကောင်းများဖြင့် ကျင်းပလျက်ရှိရာ ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ယူလာရောက်ဆင်နွဲကြသည့် ဘုရားဖူးလာပြည်သူများ၏ ဝမ်းသာပီတိစကားသံများကို မေးမြန်းရေးသားဝေမျှလိုက်ရပါသည်။

ကိုထွေး
(သိမ်ပျော်လူငယ်အဖွဲ့)

ကျွန်တော်က တောင်ကြီးမြို့ရိုးရာမီးပုံးပျံပညာရှင်များအသင်းက ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့နာမည်ကတော့ သိမ်ပျော်လူငယ်အဖွဲ့ ဖြစ်ပါတယ်။ မီးပုံးပျံတစ်လုံး ပြုလုပ်မယ်ဆိုရင် တစ်လခန့် အချိန်ပေးရပါတယ်။ ဒီမှာ လာရောက် လွှတ်တင်ဖို့အတွက် သုံးလခန့် ကြိုတင်ပြုလုပ်ခဲ့ရပါတယ်။ ဒီနေ့မှာ ပထမဆုံးလွှတ်တင်တဲ့ မီးပုံးပျံကို အာရောဂျံလို့ အမည်ပေးထားပါတယ်။ မီးပုံးပျံကတော့ စိန်နားပန်အမျိုးအစား ဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းက ဒီနေ့မှာ မီးပုံးပျံနှစ်လုံး လွှတ်တင်မှာ ဖြစ်ပါတယ်။ မနက်ဖြန်မှာဆိုရင် ကျွန်တော်တို့အသင်းက လေးလုံးလွှတ်တင်မှာဖြစ်ပါတယ်။ လပြည့်နေ့မှာတော့ မီးပုံးပျံ ငါးလုံးလွှတ်တင်မှာ ဖြစ်ပါတယ်။ မီးပုံးပျံအမျိုးအစားက အများကြီးရှိပါတယ်။ မာရဝိဇယဘုရားကြီး တန်ဆောင်မုန်းပွဲမှာတော့ ညမီးကြီးမီးပုံးပျံနဲ့ စိန်နားပန် အမျိုးအစား နှစ်မျိုးပဲ ပါရှိပါတယ်။ ကျွန်တော်တို့အသင်းကတော့ စိန်နားပန်မီးပုံးပျံအမျိုးအစားကိုပဲ လွှတ်တင်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က မာရဝိဇယဘုရားကြီးကို ဖူးချင်လို့ လည်း လာခဲ့တာဖြစ်ပါတယ်။

ဒေါ်အိအိကို(ဝတ်ရွတ်အသင်း)

ကျွန်မတို့ဝတ်ရွတ်အသင်းက ဒီနေ့ မာရဝိဇယဘုရားကြီးရင်ပြင်တော်မှာ ရွတ်ဖတ်ပူဇော်သွားမှာ ဖြစ်ပါတယ်။ တန်ဆောင်မုန်းလ အချိန်အခါသမယမှာ ဘုရားကြီးရင်ပြင်မှာ အသံဒါနပြုရွတ်ဖတ်ပူဇော်ရတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလို တန်ဆောင်မုန်းလမြတ် အချိန်အခါမှာ ရွတ်ဖတ်ပူဇော်ခွင့်ရတဲ့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ ခုနစ်ရက်သားသမီးအားလုံး အေးချမ်းသာယာစေဖို့အတွက် အားလုံးက ဆုတောင်းမေတ္တာပို့သ ရွတ်ဖတ်ပူဇော်ရတဲ့အတွက် ဝမ်းသာကြည်နူးဖြစ်မိပါတယ်။ မာရဝိဇယဘုရားကြီးမှာ ပထမဆုံးအကြိမ် မီးပုံးပျံလွှတ်တင် ထွန်းညှိပူဇော်ပွဲနဲ့ မသိုးသင်္ကန်းရက်လုပ်ပူဇော်မယ့်အစီအစဉ်၊ အရောင်းဆိုင်ခန်းတွေ၊ တေးဂီတဖျော်ဖြေပွဲ တွေနဲ့ စည်ကားနေတဲ့အတွက် ဘုရားကြီးကို လာရောက်ဖူးမြော်ကြပါလို့ ပြောချင်ပါတယ်။

မရတနာအေး
(မြန်မာနိုင်ငံကြက်ခြေနီအသင်း)

ကျွန်မတို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းက မာရဝိဇယဘုရားကြီးရဲ့ နေရာအနှံ့မှာရှိပါတယ်။ ကျွန်မကတော့ ဘုရားကြီးရဲ့ရင်ပြင်မှာ တာဝန်ယူထားပါတယ်။ ဘုရားဖူးပြည်သူတွေ ကျန်းမာရေးတစ်စုံတစ်ရာချို့ယွင်းရင် အဆင်သင့်ဖြစ်နေဖို့အတွက် ဖြစ်ပါတယ်။ ရှေးဦးသူနာပြုနည်းနဲ့ အရင်စောင့်ရှောက်မှာ ဖြစ်ပါတယ်။ လိုအပ်ရင်တော့ ဆေးရုံကြီးကို ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ဒီလို နေ့ထူးနေ့မြတ်မှာ ဘုရားကြီးရဲ့ ရင်ပြင်မှာ ကိုယ်တတ်ကျွမ်းတဲ့ အတတ်ပညာနဲ့ ပြည်သူတွေကို တစ်ထောင့်တစ်နေရာကနေ ပါဝင်ကူညီပေးရတဲ့အတွက် အလွန်ဝမ်းသာပီတိ ဖြစ်မိပါတယ်။ လူ့အသက်တစ်ချောင်းကို ကယ်တဲ့အလုပ်ဖြစ်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဒီနေ့ဘုရားကြီးရင်ပြင်မှာ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်မယ်၊ ဓမ္မစကြာတွေ ရွတ်ဖတ်ပူဇော်မယ်လို့ သိရပါတယ်။

ဒေါ်မိုးမိုး
(ဘုရားဖူးပြည်သူ)

ကျွန်မက ဒီနေ့မှာတော့ မိသားစုတွေရယ်၊ ရပ်ဆွေရပ်မျိုးတွေရယ် စုပေါင်းပြီး လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ ဘုရားကြီးမှာ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်တာ မြင်ရတဲ့အတွက် အလွန်ပဲ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့က မီးပုံးပျံလွှတ်တင်ပူဇော်တာကို ကြားဖူးတာပဲရှိခဲ့တာပါ။ အခုမှ အပြင်မှာ မြင်ဖူးတာဖြစ်ပါတယ်။ ကျွန်မတို့အတွက်က အထူးအဆန်းနဲ့ ဗဟုသုတတွေရရှိပါတယ်။ ပြီးရင် ဈေးအရောင်းဆိုင်ခန်းတွေနဲ့ တေးဂီတဖျော်ဖြေပွဲကို သွားကြည့်မှာဖြစ်ပါတယ်။ အခုလို ညချမ်းအချိန်အခါမှာ ဘုရားကြီးနဲ့ ဆီမီး ၉၀၀၀ ရယ် မီးပုံးပျံတွေရယ် အတူတူဖူးမြော်ရတော့ ကြည်ညိုလို့မဆုံး ဖြစ်မိပါတယ်။

ဒေါ်မာလာ
(ဘုရားဖူးပြည်သူ)

ကျွန်မက မာရဝိဇယဘုရားကြီး စတင် တည်ထားပူဇော်ကတည်းက ဖူးမြော်ချင်ခဲ့တာဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လာရောက်ဖူးမြော်နိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ဒီနေ့လို နေ့ထူးနေ့မြတ်မှာ တိုက်တိုက်ဆိုင်ဆိုင် လာရောက်ဖူးမြော်ရတဲ့အတွက် ဆန္ဒတွေ ပြည့်မြောက်သွားပြီ ဖြစ်ပါတယ်။ ဘုရားကြီးကို သုံးခါတိတိလာရောက်ဖူးမြော်မယ်လို့ အမိဋ္ဌာန်ပြုခဲ့ပါတယ်။ အခုလို ပွဲရက်နဲ့ တရားဓမ္မ ရွတ်ဖတ်သံတွေနဲ့ ဘုရားကြီးကို ဖူးမြော်ရတော့ စိတ်ထဲမှာ အလွန်ကြည်နူးမိပါတယ်။ ဘုရားဖူးပြည်သူတွေ အပြင် ခုနစ်ရက်သားသမီးအားလုံးအတွက်လည်း ဆုတောင်းခဲ့ပါတယ်။ ။

တွေ့ဆုံမေးမြန်း-မျိုးဆက်သစ်
ဓာတ်ပုံ-ဂျိုင်းလော

ကျိုက္ခမီမြို့၌ အထူးကုဆရာဝန်ကြီးများက အခမဲ့ကွင်းဆင်းဆေးကုသ

သံဖြူဧရပ် နိုဝင်ဘာ ၂၅

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်များ အဖွဲ့က ယနေ့နံနက် ၉ နာရီမှ စတင်၍ ကျိုက္ခမီမြို့ ဓမ္မစေတီရပ်ကွက်ရှိ သီရိဇေယျာခန်းမတွင် ပြည်သူများအား အခမဲ့ကွင်းဆင်း၍ ဆေးကုသနေမှုကို ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့သည်။

ဆေးကုသမှုများဆောင်ရွက်

အဆိုပါ ကွင်းဆင်းဆေးကုသမှုကို မွန်ပြည်နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှျူးဒေါက်တာအောင်မြင့်ဦး ဦးစီး၍ မော်လမြိုင်မြို့ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ အမျိုးသမီးကလေးဆေးရုံမှ ဆေးရုံအုပ်၊ မော်လမြိုင်မြို့ ခုတင်(၅၀၀)ဆံ့ ဆေးရုံ အထူးကုဆရာဝန်ကြီးကိုးဦးတို့က အထွေထွေရောဂါ ဆေးပညာဆိုင်ရာ၊ ခွဲစိတ်ပညာဆိုင်ရာ၊ အကြောအဆစ် ပြန်လည်သန်စွမ်းရေးဆိုင်ရာ၊ မျက်စိပညာဆိုင်ရာ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးနှောက်နှင့် လည်ပင်းပညာဆိုင်ရာ၊ သွားနှင့် ခံတွင်းပညာဆိုင်ရာ၊ အရေပြားပညာဆိုင်ရာ၊ သားဖွားမီးယပ်၊ ကလေးဆေးပညာဆိုင်ရာ ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများက ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

ကွင်းဆင်း ဆေးကုသရာသို့ သံဖြူဧရပ်မြို့နယ်၊ ကျိုက္ခမီမြို့နှင့် ကျေးလက်နေပြည်သူများ လာရောက်ပြသရာယနေ့တွင် စုစုပေါင်းလူနာ ၄၉၇ ဦးကို ကြည့်ရှုကုသပေးခဲ့ကာ လွှဲပြောင်းကုသရန် လူနာများကို မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသရန် စီစဉ်ခဲ့သည်။ အထူးကုဆရာဝန်ကြီးများထံသို့ လာရောက်ပြသကုသမှုခံယူကြသော လူနာများကို မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာ ဝန်ကြီးတို့က လာရောက်ကြည့်ရှု အားပေးပြီး ၂၀၂၃ ခုနှစ်အတွင်း မွန်ပြည်နယ်၌ ဆေးကုသမှု အစီအစဉ်ကို မော်လမြိုင်မြို့နယ်နှင့် ပေါင်မြို့နယ် နှစ်မြို့နယ်တို့တွင် ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသောမြို့နယ်များကိုလည်း သုံးလလျှင် တစ်ကြိမ်ဆက်လက်၍ လှည့်ပတ်ဆေးကုသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုင်းကိုင်မြို့နယ်အတွင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်

မိုင်းကိုင် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနီးနောဖလှယ်ပွဲ(၂၀၂၃) အကြိုလှုပ်ရှားမှုအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှျူး ဒေါက်တာစိုင်းထွန်းလှိုင်ဦးဆောင်သောအဖွဲ့က နိုဝင်ဘာ ၂၅ ရက်တွင် မိုင်းကိုင်မြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ဦးစွာ မိုင်းကိုင်မြို့နယ် ဝမ်ဟွေလုံကျေးရွာအုပ်စု ဝမ်လုံကျေးရွာတွင် တီဘီရောဂါနှင့်ဆေးယဉ်ပါးတီဘီရောဂါဖြစ်ပွားမှု လျှော့ချရန်နှင့် ပြည်သူလူထု၏ကျန်းမာရေးတိုးတက်မြင့်မားစေရန် ရွှေ့လျားဓာတ်မှန်စက်ဖြင့် တီဘီရောဂါလူနာရှာဖွေစစ်ဆေးကုသမှုပေးခြင်းနှင့် အခြားလူနာများအား ရောဂါရှာဖွေစစ်ဆေးကုသမှုပေးခြင်းများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဟမ်ဝိုင်းကျေးရွာအုပ်စု နောင်တောင်းကျေးရွာတွင် ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြင့်မားလာစေရန်နှင့် လူတိုင်းသက်တမ်းစေ့နေထိုင်နိုင်ရန် မကူးစက်နိုင်သည့်ရောဂါများဖြစ်သော သွေးတိုး၊ ဆီးချို၊ ကင်ဆာရောဂါများကို ကွင်းဆင်းစစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း၊ တုံ့လောအ.ထ.က(ခွဲ)တွင် ကျောင်းသားကျောင်းသူများ ကျန်းမာရေးအသိပညာ တိုးတက်လာစေရန်နှင့် ကျန်းမာပျော်ရွှင်စွာဖြင့် ပညာဆည်းပူးနိုင်စေရန်အတွက် ကျောင်းကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

MNDAA၊ TNLA၊ AA အကြမ်းဖက်သမားသောင်းကျန်းသူများက တရုတ်-မြန်မာ နှစ်နိုင်ငံ၏ အကျိုးစီးပွားထိခိုက်စေရန် ရည်ရွယ်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ တရုတ် - မြန်မာ ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်းထိန်းချုပ်ရေးစခန်းတစ်ခုအား ဝင်ရောက်ဖျက်ဆီးခဲ့မှု၊ လျှပ်စစ်ကဏ္ဍ ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ KNU၊ PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မြိုင်ကလေး-သထုံ-ဘီးလင်းနှင့် မြိုင်ကလေး-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတို့အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးခဲ့မှုနှင့် လိုအပ်သော ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်မှုအခြေအနေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တောင်ပိုင်းစစ်ဒေသကြီး၏ ပုံမှန်စစ်ရေးလေ့ကျင့်မှုအား နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေဒေသလုံခြုံအေးချမ်းရေးအတွက် ယနေ့တွင် လုပ်ဆောင်လျက်ရှိမှု၊ နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ၂၅-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ပိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

MNDAA၊ TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ တရုတ် – မြန်မာ နှစ်နိုင်ငံစီးပွားရေးဆက်သွယ်ရေးမှာ အဓိကကျတဲ့ မန္တလေး – မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်မှာ တံတားတွေကို ဖောက်ခွဲဖျက်ဆီးတာတွေ၊ လမ်းတွေပိတ်ဆို့တာတွေ၊ လမ်းတွေကို ဖျက်ဆီးတာတွေကိုဆောင်ရွက်ပြီး နှစ်နိုင်ငံစီးပွားရေးဆက်သွယ်ရေးနဲ့ ပြည်သူလူထုရဲ့ စီးပွားရေးကို၊ လူမှုဘဝတည်ငြိမ်ရေးကို ထိခိုက်စေရုံသာမကဘဲ နောက်ပိုင်း တရုတ် – မြန်မာ နှစ်နိုင်ငံရဲ့ စီးပွားရေးနဲ့ ဆက်ဆံရေးမဟာဗျူဟာကျတဲ့ တရုတ် – မြန်မာ ရေနံဓာတ်ငွေ့ပိုက်လိုင်းကိုပါ အနှောင့်အယှက်ပေးလာတာကို တွေ့ရပါတယ်။ TNLA၊ AA ပူးပေါင်းအကြမ်းဖက်အဖွဲ့အနေနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ဧပင်ကျေးရွာအနီးမှာရှိတဲ့ တရုတ်–မြန်မာ ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်း ထိန်းချုပ်ရေးစခန်းတစ်ခုကို ဒီနိုဝင်ဘာလ ၁၅ ရက်နေ့ကနေ ၁၈ ရက်နေ့အထိ ဝင်ရောက်နေထိုင်ပြီးတော့ ထိန်းချုပ်ရေးစခန်းအတွင်းမှာရှိတဲ့ ဆက်သွယ်ရေးကိရိယာတွေ၊ လုံခြုံရေးကိရိယာတွေ၊ လုပ်ငန်းသုံးပစ္စည်းတွေကို ဝင်ရောက်ဖျက်ဆီးသွားတာကို တွေ့ရပါတယ်။ စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ အချိန်မီထိန်းသိမ်းပြုပြင်ခဲ့ရပါတယ်။ နှစ်နိုင်ငံရဲ့ အကျိုးစီးပွားကိုထိခိုက်အောင် ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနေရာတွေမှာ လုံခြုံရေးတိုးမြှင့်ချထားပြီး လုံခြုံမှုရှိအောင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။ အလားတူပဲ လျှပ်စစ်ဓာတ်အားကဏ္ဍ ထိခိုက်အောင်လည်း ဆောင်ရွက်နေတာ တွေ့ရပါတယ်။ KNU၊ PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ သထုံဓာတ်ငွေ့ပိုက်လိုင်းကို ဒီလ ၁၆ ရက်နေ့မှာ ကရင်ပြည်နယ် ဘားအံ နောင်ကျန်အုပ်စု ဆယ်မိုင်ကုန်းအနီးမှာ မိုင်းထောင်ဖောက်ခွဲခဲ့ပါတယ်။ ဒါကြောင့် သထုံဓာတ်အားပေးစက်ရုံကနေ ဓာတ်အားပေးနေရတဲ့ဓာတ်အား ၃၀ မဂ္ဂါဝပ်လျှော့နည်းပြီး ရန်ကုန်၊ ဘားအံ၊ သထုံ စတဲ့နေရာတွေမှာ လျှပ်စစ်ဓာတ်အား လျော့နည်းမှုဖြစ်ခဲ့ပါတယ်။ ဒါကို ဒီလ ၁၈ ရက်နေ့မှာ အမြန်ဆုံးပြုပြင်ပြီး ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒဲ့အပြင် ရန်ကုန်ကိုပေးပို့နေတဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို မွန်ပြည်နယ် သထုံ ညောင်ချောင်းကျေးရွာအနီးမှာ ဒီလ ၂၃ ရက်နေ့ ည ၇ နာရီခွဲလောက်မှာ မိုင်းထောင်ဖောက်ခွဲခဲ့ပါတယ်။ ရန်ကုန်ကိုပို့နေတဲ့ သဘာဝဓာတ်ငွေ့တွေ လျော့နည်းပြီး ရန်ကုန်ကိုပေးပို့နေတဲ့ လျှပ်စစ်ဓာတ်အား ၅၅ မဂ္ဂါဝပ်ခန့် လျော့နည်းခဲ့ကြောင်း တွေ့ရပါတယ်။ အမြန်ပြုပြင်ရေး၊ လုံခြုံရေး ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအကြမ်းဖက်အဖွဲ့တွေအနေနဲ့ ပြည်သူလူထုကိုဖြန့်ဖြူးနေတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အဓိကကျတဲ့ လျှပ်စစ်ဓာတ်အားကဏ္ဍကို အဓိကထားပြီး နောက်ပိုင်းမှာ တိုက်ခိုက်လာတာရှိပါတယ်။ တာဝါတိုင်တွေကို ဗုံးခွဲတိုက်ခိုက်တာတွေ၊ လျှပ်စစ်ဓာတ်အားခွဲစက်ရုံတွေကို Drop Bomb နဲ့ လာချတာတွေ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွေကို ဖျက်ဆီးတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို တိုက်ရိုက်ထိခိုက်အောင် လုပ်နေခြင်းဖြစ်ပါတယ်။ သူတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေတာမဟုတ်ဘဲနဲ့ ၎င်းတို့ရဲ့ အကျိုးအတွက်၊ ၎င်းတို့ရဲ့ အာဏာရရှိရေး၊ လက်နက်စွဲကိုင်နိုင်ရေး အတွက်ကိုပဲ ဦးတည်ပြီး အတွေ့ကြုံစွာ ဆောင်ရွက်နေတဲ့သူတွေ ဖြစ်ပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံးကသိရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့အတူ ပူးပေါင်းပြီး အမြစ်ပြတ်ချေမှုန်းသွားရမှာဖြစ်ကြောင်း ပြောလိုပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ ဒီနေ့မှာ တောင်ပိုင်းစစ်ဒေသကြီးမှာ ပုံမှန်စစ်ရေးလေ့ကျင့်မှု စတင်ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသလုံခြုံရေးအတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ ယခင်ကတည်းကတိုင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နဲ့အညီ နှစ်ပေါင်းများစွာ ဆက်သွယ်ဆက်ဆံပြီး ဆောင်ရွက်လာတာဖြစ်ပါတယ်။ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အနေနဲ့လည်း နီးကပ်စွာဆက်ဆံဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံမှုရှိစေရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောလိုပါတယ်။

စာမျက်နှာ ၁၂ သို့ ○



ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ တရုတ် – မြန်မာ ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်းထိန်းချုပ်ရေးစခန်းတစ်ခုအား ဝင်ရောက်ဖျက်ဆီးခဲ့မှုများကို တွေ့ရစဉ်။

တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေဒေသလုံခြုံအေးချမ်းရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တောင်ပိုင်းစစ်ဒေသကြီး၏ ပုံမှန်စစ်ရေးလေ့ကျင့်မှုအား တရုတ်-မြန်မာနယ်စပ်ဒေသတွင် လုပ်ဆောင်နေမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တောင်ပိုင်းစစ်ဒေသကြီးရဲ့ ပုံမှန်စစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာလ ၂၅ ရက်နေ့မှာ စတင်လုပ်ဆောင်မှာဖြစ်ပါတယ်။ လုပ်ဆောင်မယ့်နေရာကတော့ တရုတ်-မြန်မာနိုင်ငံ နယ်စပ်ဒေသမှာ ဖြစ်ပါတယ်။ လုပ်ဆောင်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်မြေဒေသလုံခြုံအေးချမ်းရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်တယ်ဆိုတာကို မြန်မာနိုင်ငံဘက်ကို အကြောင်းကြားလာပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံရဲ့မူဝါဒအနေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးမူဝါဒအပေါ်မှာ ရပ်တည်လျက်ရှိပြီးတော့ မြန်မာ့တပ်မတော်နဲ့အတူ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အမြဲတမ်းလက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း အကြောင်းကြားလာပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံနဲ့အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို လိုက်နာပြီး နေထိုင်ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကို ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်ရေရဲ့ ရေတပ်စစ်သင်္ဘောများလည်း မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး မကြာခင်မှာ လာရောက်လည်ပတ်ဖို့ရှိပါတယ်။ တရုတ်-မြန်မာနှစ်နိုင်ငံတပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်မှုကခိုင်မြဲလျက်ရှိကြောင်းနဲ့ ချစ်ကြည်ရင်းနှီးစွာ တည်ဆောက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။

အကြမ်းဖက်သမားများက သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။

❍ စာမျက်နှာ ၁၁ မှ

ဒီသတင်းအပေါ်မှာလည်း ပြည်ဖျက်မီဒီယာတွေ၊ အနောက်နိုင်ငံက ထောက်ပံ့ပေးထားတဲ့ မီဒီယာတွေအနေနဲ့ သတင်းအမျိုးမျိုးထုတ်လွှင့်ပြီး နှစ်နိုင်ငံကြား ဆက်ဆံရေးတွေ မပြေမလည်ဖြစ်လာအောင် တွန်းအားပေးဆောင်ရွက်နေတာတွေရှိပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံးက သတိရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ဆက်ဆံရေးသည် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးသည် ဘယ်တော့မှ လျော့နည်းသွားမယ့်ဆက်ဆံရေးမဟုတ်ကြောင်း ပြောကြားလိုပါတယ်။ ဒီနေ့ နိုဝင်ဘာလ ၂၅ ရက်နေ့မှာတော့ နယ်စပ်ဒေသမှာ ဝင်ရောက်နေထိုင်နေတဲ့၊ တရားမဝင်နေထိုင်နေတဲ့ တရုတ်နိုင်ငံသား အမျိုးသား ၇၁၅ ဦး၊ အမျိုးသမီး ၁၀၀ စုစုပေါင်း ၈၁၅ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူတွေထံကို ကျွန်တော်တို့လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အောက်တိုဘာလ ၃၁ ရက်နေ့ကနေ နိုဝင်ဘာလ ၂၅ ရက်နေ့အထိ ကျား ၇၂၆၆ ဦး၊ မ ၇၂၇ ဦး စုစုပေါင်း ၇၉၉၃ ဦးကို လွှဲပြောင်းပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံထဲမှာ ရောက်ရှိနေတဲ့ မည်သည့်နိုင်ငံခြားသားမဆို ကျွန်တော်တို့အနေနဲ့ ကာကွယ်စောင့်ရှောက်ပေးရမယ့် တာဝန်ရှိပါတယ်။ သူတို့ရဲ့နေရပ်ပြန်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စတွေနဲ့ ဝင်ရောက်နေထိုင်သူတွေကို အမြန်လွှဲပြောင်းပေးနိုင်ရေး မြန်မာနိုင်ငံအစိုးရအနေနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့မှာ ထိတွေ့တိုက်ပွဲတွေ အနေနဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာ နမ့်ခမ်းမှာရှိတဲ့ လုံခြုံရေးတပ်စခန်းကို MNDAA အကြမ်းဖက် သောင်းကျန်းသူတွေအနေနဲ့ မနေ့ညကနေစပြီး အကြိမ်ကြိမ် အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တာရှိပါတယ်။ ထိခိုက်ကျဆုံးမှုများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားကြောင်း တွေ့ရပါတယ်။ ကုန်းကြမ်း ဘက်မှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ရှိပါတယ်။ တာရွှေထန်နားမှာလည်း ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုရှိပါတယ်။ ဒါ့အပြင် TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူတွေ ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ ကျင်သီတံတားနားမှာ တပ်မတော်အနေနဲ့ လမ်းပန်းဆက်သွယ်မှု ပြန်လည်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ရှိခဲ့ပါတယ်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်တဲ့ ရခိုင်ပြည်နယ် ထရွန်အိုင်နဲ့ နုန်းဘူးမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ ပလက်ဝ ရဲ့မြောက်ခြမ်းနေရာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ယခင်ကပြောခဲ့သလို အဓိကအားဖြင့် ချင်းတိုင်းရင်းသားလူမျိုးစုများနေထိုင်ရာဖြစ်ပါတယ်။ ဒီစခန်းနှစ်ခုသည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းဖောက်လုပ်တဲ့နေရာမှာ အဓိကထားတဲ့ လုံခြုံရေးစခန်းဖြစ်ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ အိန္ဒိယနဲ့ မြန်မာနိုင်ငံ နှစ်နိုင်ငံဆက်သွယ်ရေး လမ်းကြောင်းပွင့်လာမှာကို မလိုလားဘဲနဲ့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်သည် ယခင်ကလမ်းပန်းဆက်သွယ်မှု အလွန်ခက်ခဲတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ရေလမ်းကြောင်းကိုသာ အဓိကထားဆက်သွယ်ရတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ နဝတ၊ နယက အစိုးရလက်ထက်မှာမှ ရခိုင်ပြည်နယ်ရဲ့မြောက်ပိုင်းဒေသဖြစ်တဲ့ အမ်း၊ စစ်တွေဒေသကို ပြည်ထောင်စုလမ်းမကြီးဖောက်လုပ်ပြီး စတင်ဖွံ့ဖြိုးတိုးတက်စေခဲ့တာ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ အိန္ဒိယနိုင်ငံနဲ့ ဆက်သွယ်တဲ့လမ်းကို အဓိကထား တိုက်ခိုက်နေတာဟာ AA က ရခိုင်ပြည်နယ် ရခိုင်ပြည်သူလူထုအပေါ်ထားရှိတဲ့ စေတနာလားလို့ပဲ မေးခွန်းထုတ်စရာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံအစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်အတိုင်းပဲ ပြည်သူလူထုဘဝတည်ငြိမ်အေးချမ်းရေး၊ တိုးတက်စေရေးကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံရေးရည်မှန်းချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ပြည်ထောင်စုစနစ်တည်ထောင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါတွေသည်ပင်လျှင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အနာဂတ်အတွက် အာမခံနိုင်တဲ့အချက်တွေဖြစ်ပါတယ်။ ဒါတွေကိုပဲ အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးအနေနဲ့လည်း ပြည်သူ့အကျိုးစီးပွားကို တိုက်ရိုက်စော်ကားထိပါးလာတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့လုပ်ရပ်တွေကို လက်မခံဖို့နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံ အမြန်ဆုံးတည်ငြိမ်အေးချမ်းလာအောင် ပူးပေါင်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူ့သို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြန်မာ့မီးရထားက တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များပြေးဆွဲပေး

နေပြည်တော် နိုဝင်ဘာ ၂၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် တန်ဆောင်တိုင် ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို အထူးရထားများဖြင့် အစုန်/အဆန် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၂၄ ရက်တွင် နေပြည်တော်-ရန်ကုန် အစုန်အထူးရထား၊ ရန်ကုန်-ပြည်-ရန်ကုန် အစုန်/အဆန် အထူးရထား၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန် အစုန်/အဆန် အထူးရထားများကို ပြေးဆွဲပေးခဲ့ပြီး ယနေ့တွင် ရန်ကုန်-မော်လမြိုင်-ရန်ကုန် အစုန်/အဆန်အထူးရထား၊ ရန်ကုန်-ပြည်-ရန်ကုန် အစုန်/အဆန်အထူးရထားများ ဆက်လက်ပြေးဆွဲပေးခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်-မော်လမြိုင်- ရန်ကုန် အစုန်/အဆန် အထူးရထား၊ ရန်ကုန်-ပြည်-ရန်ကုန် အစုန်/အဆန် အထူးရထားများကိုလည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်-နေပြည်တော် အဆန်အထူးရထား၊ ရန်ကုန်- ပြည်-ရန်ကုန် အစုန်/အဆန် အထူးရထားနှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် အစုန်/အဆန် အထူးရထားများကိုလည်းကောင်း တန်ဆောင်တိုင် ရုံးပိတ်ရက်ပြီးဆုံး၍ ခရီးသွားမိဘပြည်သူများ၊ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ မိမိတို့နေရပ်သို့ အဆင်ပြေစွာပြန်လည်ခရီးသွားလာနိုင်ရန်အတွက် ထပ်မံပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းနှင့် ရထားပြေးဆွဲပေးမှုအပေါ် ခရီးသွားပြည်သူများက သဘောကျနှစ်သက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် တောင်ကလေးကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖျဖျ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် တောင်ကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၉၂ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၀၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၆၁ ဦး၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၉၅ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၃၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ခြောက်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၂ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့မဓမ္မာရုံ၌ အခြေပြု၍ ဓနုဖြူမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ဂုစဝ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၁၅ ဦး၊ ခွဲစိတ်ရောဂါ ၁၀ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၄၆ ဦး၊ အရိုးရောဂါ ၂၀၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀၊ မျက်စိရောဂါ ၂၁၆ ဦးနှင့် သွားရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၆ ဦးတို့ကို ရောဂါရှာဖွေ

ဒေါ်ပြုံးပြုံးအောင်

ဦးအေးကိုတင့်

စမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

ဒေါ်ပြုံးပြုံးအောင်

ကျွန်မက တောင်ကလေးကျေးရွာကပါ။ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က အခုလိုအခမဲ့လာရောက် ဆေးကုသပေးတဲ့အတွက် မျက်စိလာရောက်ပြသတာပါ။ မျက်စိက ဇက်ကြောတက်လို့ မျက်စိကြည့်ရတာ နည်းနည်းဝါးလို့ ဆရာဝန်ကြီးတွေက သေချာစမ်းသပ်ပြီးတော့ ကုသပေးတယ်။ သောက်ဖို့ဆေးဝါးတွေကိုလည်း အခမဲ့ပေးလိုက်ပါတယ်။ တချို့ရွာသူရွာသားတွေက ငွေကုန်ကြေးကျအများကြီး ခံပြီးတော့ မကုနိုင်တဲ့အတွက် အခုလိုမျိုး တပ်မတော်က လာရောက်ပြီး အခမဲ့ဆေးကုသပေးတဲ့အတွက် ရွာသူ ရွာသားတွေအတွက် အကုန်လုံး အဆင်ပြေပါတယ်။ တစ်နေရာတည်းမှာ ပါရဂူကြီးတွေအစုံနဲ့ ပြသရတဲ့အတွက်လည်း သူတို့အတွက် အကျိုးကျေးဇူးရှိပါတယ်။ ဒီအတွက်လည်း တောင်ကလေးရွာသူ ရွာသားတွေ ကိုယ်စား၊ အနီးနားပတ်ဝန်းကျင်မှာရှိတဲ့ ရွာသူ ရွာသားတွေရဲ့ကိုယ်စား ကျွန်မကကျေးဇူးအများကြီး တင်ပါတယ်လို့ပြောချင်ပါတယ်။ နောက်ထပ်လည်း အခုလိုဆေးလာကုပေးပါလို့ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ကို ဖိတ်ခေါ်ပါတယ်ရှင့်။ ဆေးကုသပေးနိုင်အောင် စီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ဆရာဝန်များ၊ ပါရဂူကြီးများကိုလည်း ကျေးဇူးအထူးပဲ တင်ရှိပါတယ်။ ကျွန်မ တပ်မတော်သားတွေကို အလွန်ပဲချစ်ပါတယ်။ အခုလို တိုင်းပြည်မအေးချမ်းတဲ့အချိန်မှာ လာရောက်ပြီး ရွာသူ ရွာသားတွေ၊ ဒေသခံတွေရဲ့ကျန်းမာရေးကိုအဓိကထားပြီး ဆေးကုသပေးတဲ့အတွက် ကျွန်မကကျေးဇူးအထူးတင်ရှိပါတယ်။ အခုဆိုရင် တပ်မတော်သားတွေက မြန်မာတစ်နိုင်ငံလုံး အေးချမ်းသာယာဖို့အတွက် တိုင်းနဲ့ပြည်နယ်အသီးသီးမှာ ရှေ့တန်းတာဝန်တွေကို ထမ်းဆောင်နေရတယ်လို့ ကြားသိရတဲ့အတွက် ကျွန်မချစ်တဲ့ တပ်မတော်သားတွေအတွက် အလွန်ကိုပဲ ဂုဏ်ယူမိပါတယ်ရှင်။ ဘုရားရှိခိုးတိုင်းလည်း တပ်မတော်သားတွေ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး လိုအင်ဆန္ဒတွေ ပြည့်ဝပါစေလို့ ဆုတောင်းမေတ္တာပို့သပေးပါတယ်ရှင်။ တပ်မတော်ကြီးလည်း ရေရှည်တည်တံ့ခိုင်မြဲပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

ဦးအေးကိုတင့်

ကျွန်တော်တို့မြို့နယ်က နယ်မြို့လေးလည်း ဖြစ်တဲ့အတွက်ကြောင့် မြို့နယ်မှာလည်း (ခုတင်-၅၀) နဲ့ ဆရာဝန်အထိုက်အသင့်တော့ရှိပါတယ်။ ဒါပေမဲ့ အခုလို တပ်မတော်နယ်လှည့် ဆေးကုအဖွဲ့က ပါရဂူတွေ၊ ဆရာဝန်ကြီးတွေလာရောက်တဲ့အပေါ်မှာ ကျွန်တော်တို့က အလွန်ကိုဝမ်းသာအားရဖြစ်မိပါတယ်။ အခုလည်း အားလုံးမြင်တဲ့အတိုင်း ကျွန်တော်တို့ဒီမှာ လူနာတွေက အုံးအုံးကြွက်ကြွက်နဲ့ ဒီမြို့နယ်လေးမှာ အားကိုးတကြီးလာရောက်ကုသနေကြတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ ပရဟိတအဖွဲ့တွေ၊ Ambulance အဖွဲ့တွေ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တွေရယ်၊ အရန်မီးသတ်တပ်ဖွဲ့တွေ၊ တခြားပရဟိတအဖွဲ့တွေ အားလုံးစုပေါင်းပြီး မြို့နယ်မှာရှိတဲ့လူနာတွေကို သွားရေး၊ လာရေးကအစ အခက်အခဲမရှိ အားလုံးအဆင်ပြေအောင်နဲ့ နယ်လှည့်ဆေးကုသအဖွဲ့တွေ ရှောရှောရှူရှူကုသနိုင်အောင် ကျွန်တော်တို့ ဝိုင်းဝန်းပူးပေါင်းပြီးတော့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ အလွန်လည်း ဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဘက်ခေတ်မှာ ဆေးကုဖို့ဆိုတာ ခက်ခဲတာပေါ့။ သွားရေးလာရေးကအစ ကုန်ကျစရိတ်ကြီးမြင့်တာတွေဖြစ်တဲ့အခါမှာ အခုလို နယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက်ကုသပေးတဲ့အပေါ် ကျွန်တော်တို့က တစ်မြို့နယ်လုံးမှာရှိတဲ့ လူနာတွေကို စုစည်းပြီးတော့ ခေါ်ပေးတယ်။ ခေါ်ပေးတဲ့အတွက် လူနာတွေကလည်း အလွန်ကိုဝမ်းသာပါတယ်။ တချို့ဆိုရင် အဝေးဆုံးမှာရှိတဲ့ လူနာတွေကတောင် လာရောက်ပြီးကုသနေတာကို တွေ့ရပါတယ်ခင်ဗျာ။ အခုလို ကုသပေးဖို့စီစဉ်ပေးတဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲကို အထူးကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမှာက ဆရာဝန်ကြီးတွေ၊ အထူးကုပါရဂူကြီးတွေနဲ့ပြချင်ရင်တောင် ရန်ကုန်တို့၊ ဟင်္သာတတို့လို ခရိုင်မြို့ကြီးတွေကို သွားရောက်ကုသရတဲ့အနေအထားကနေ ကျွန်တော်တို့ဆီမှာရှိတဲ့ ပြည်သူလူထုအနေနဲ့ အခု ဒီနေရာမှာ အထူးကုပါရဂူကြီးတွေ လာရောက်ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေကို အထူးပဲကျေးဇူးတင်ရှိပါတယ်လို့ ပြည်သူလူထုကိုယ်စား ပြောကြားလိုပါတယ်။

ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ထုတ်ကုန်စက်ပစ္စည်းများ နည်းပညာပြပွဲ၊ စက်မှုထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ၂၀၂၃ ခုနှစ် ထုတ်ကုန်စက်ပစ္စည်းများ နည်းပညာပြပွဲ၊ စက်မှုထုတ်ကုန်ပစ္စည်းများပြပွဲနှင့် တန်ဆောင်တိုင် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိပြည်သူ့ရင်ပြင်၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အခမ်းအနားကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် စက်မှုဇုန်များမှ ဇုန်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ယခင်သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် မီးထွန်းပွဲတော်တွင် ရွှေတိဂုံစေတီတော်အား အလှပန်းခင်းများဖြင့် ပူဇော်ထားရှိသည့် ပန်းပြပွဲတွင် ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး စည်ပင်(ပြင်ပ)မြို့နယ်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများချီးမြှင့်သည်။

ထို့နောက် ဘင်ခရာအဖွဲ့များနှင့် ပန်းဖွားအကများဖြင့် ဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုငွေများ ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ လုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်အရောင်းပြခန်းများ၊ ဆန်၊ ဆီ အရောင်းဆိုင်များ၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ လာရောက်ရောင်းချသော ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၅၀၀ ခန့် ပြသရောင်းချသွားမည်ဖြစ်သည်။

ပွဲတော်ရက်များအတွင်း နေ့စဉ် E-Sport Game ပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးခြင်းများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့်ဟာသပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ Circus၊ မျက်လှည့်၊ Dancer များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ မီးရှူး မီးပန်းပစ်ဖောက်မည့် အစီအစဉ်များကို ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်ပြီး ပွဲတော်လာပြည်သူများ သွားရေးလာရေး လွယ်ကူစေအောင် အကြို/အပို့ကားများ စီစဉ်ထားရှိပေးထားကြောင်းနှင့် ပွဲတော်အား နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဟောပြောပွဲ ကျင်းပ

ပုသိမ် နိုဝင်ဘာ ၂၅

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပုသိမ်တက္ကသိုလ်တို့တွင် ဇုန်ကြီး သုံးဇုန်ခွဲ၍ ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်နိုင်ရန် ဆရာ ဆရာမများ၏ စွမ်းဆောင်နိုင်မှုသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်နေပါကြောင်း၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဆရာ ဆရာမများ၏ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာဆွေးနွေးပေးမှုများသည် များစွာအသုံးဝင်ပါကြောင်း အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ ဆရာမများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဟောပြောပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်တက္ကသိုလ်အတွင်း ဘာသာရပ်အလိုက် ဟောပြောဆွေးနွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဧရာဝတီ တိုင်းဒေသကြီး၏ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဟောပြောပွဲများကို ဇုန်ကြီး သုံးဇုန်ခွဲ၍ ကျင်းပရာ ပုသိမ်တက္ကသိုလ်တွင် အခြေခံပညာ ဆရာ ဆရာမ ၂၄၁၆ ဦး၊ ဟသံတတက္ကသိုလ်တွင် ၉၁၁ ဦး၊ မအူပင်တက္ကသိုလ်တွင် ၁၃၄၈ ဦး စုစုပေါင်း ဘာသာရပ်အလိုက် အခြေခံပညာ ဆရာ ဆရာမ ၄၆၇၅ ဦးအား တက္ကသိုလ်များမှ ပါမောက္ခ/ ဌာနမှူး၊ ဆရာကြီး ဆရာမကြီးများက ဟောပြောဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မွန်ပြည်နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအခမ်းအနား ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၅

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အထူးအလေးထားဆောင်ရွက်

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများစသည့် ထိခိုက်လွယ် အုပ်စုများအပေါ် အကြမ်းဖက်မှုများ မဖြစ်ပွားစေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်အနေဖြင့် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကိုဖွဲ့စည်း၍ ကလေးသူငယ်ဆိုင်ရာကိစ္စရပ်များကိုသာမက ကျား၊ မ အခြေပြု အကြမ်းဖက်မှုကိစ္စရပ်များကိုပါ ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အမျိုးသမီးကော်မတီများ အဆင့်ဆင့်ကလည်း အမျိုးသမီးများအပေါ် နည်းလမ်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်စေရေး၊ ဥပဒေ

ကြောင်းအရ ပိုမိုအကာအကွယ်ပေးနိုင်ရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးစားပေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရန်နှင့် တုံ့ပြန်မှုများကို ဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးခြင်းအပြင် မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း၊ သုတေသနပြုခြင်း၊ စစ်တမ်း ကောက်ယူခြင်းလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ အဆုံးသတ်စေရေး အရှိန်အဟုန်မြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ပြခန်းများကိုကြည့်ရှုအားပေး

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ခန်းမအတွင်း ခင်းကျင်းပြထားသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်/ မြို့နယ်အမျိုးသမီးကော်မတီဝင်များ၊ INGOs, NGOs များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်ပစ္စည်း၊ စက်ယန္တရားနည်းပညာပြပွဲ၊ တန်ဆောင်တိုင်ဈေးရောင်းပွဲနှင့် မီးထွန်းပွဲတော်တွင် အများပြည်သူလာရောက်ကြည့်ရှုဝယ်ယူသူများဖြင့် စည်ကားများပြား

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးရှေ့ဝယ် ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်ပစ္စည်း၊ စက်ယန္တရားနည်းပညာပြပွဲ၊ တန်ဆောင်တိုင်ဈေးရောင်းပွဲနှင့် မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ဦးမျိုးမြင့်အောင်

ဒေါက်တာဌေးလွင်

ဦးမြင့်ဝင်း

ဦးစိုးမင်းအောင်

တန်ဆောင်တိုင်ဈေးရောင်းပွဲနှင့် မီးထွန်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ MSME စက်မှုလုပ်ငန်းများ၊ စက်မှုထုတ်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် မြို့နယ်ပေါင်းစုံမှ နာမည်ကြီးစားသောက်ဆိုင်များကို ဆိုင်ခန်းပေါင်း ၅၃၃ ခန်းဖြင့် ယနေ့မှ နိုဝင်ဘာ ၂၇ ရက်အထိ ပြသရောင်းချမည်ဖြစ်ရာ ပွဲတော်ရက်များသည် အများပြည်သူပိတ်ရက်များဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူများလာရောက် ဝယ်ယူအားပေးကြသဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ပွဲတော်ရက်အတွင်းနေ့စဉ် E-sport ဂိမ်းပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးမှုများ၊ ဟာသနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်များမှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ DJ ၊ Dancer အကများဖြင့် ဖျော်ဖြေမှုများကို အားပါးတရ ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် တာဝန်ရှိသူများနှင့် လာရောက်ကြည့်ရှုသူများ၏ စကားသံများကိုလည်း စုစည်းဖော်ပြလိုက်ပါသည်။

ဦးမျိုးမြင့်အောင်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး

ဒီတန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကျင်းပရေးကော်မတီမှာ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေပါတယ်။ မနှစ်ကစပြီး ပြည်သူ့ရင်ပြင်ထဲမှာ သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ စသဖြင့် ဈေးရောင်းပွဲတော်တွေကို နှစ်စဉ်ဆောင်ရွက်မယ်ဆိုပြီး ဝန်ကြီးချုပ်ကြီးရဲ့ လမ်းညွှန်ချက်အရ ပြီးခဲ့တဲ့ သီတင်းကျွတ်မှာလည်း ပွဲဆောင်ရွက်ပြီးဖြစ်ပါတယ်။ အခု တန်ဆောင်တိုင်မှာလည်း အဓိကကတော့ MSME ထုတ်ကုန်တွေ ဈေးကွက်ရရှိရေးအတွက် ရည်ရွယ်ချက်ထားပြီးဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်ရင်းနဲ့ ပွဲတိုင်းပွဲတိုင်းမှာ အထူးပရိုမိုးရှင်းအနေနဲ့ တစ်ခု တစ်ခုထည့်တာပါ။ မိုးရာသီတုန်းက EV လျှပ်စစ်ကားပေါ့။ ထုတ်ကုန်ပစ္စည်းရောင်းပွဲအပြင် လျှပ်စစ်ကားထည့်တယ်။ ပြီးခဲ့တဲ့ သီတင်းကျွတ်မှာ ရေထွက်ကုန်ပစ္စည်းတွေ၊ ဒီတစ်ပတ်မှာ ထူးထူးခြားခြား Super Seven Stars ကုမ္ပဏီကနေပြီး စက်ပစ္စည်းတွေ၊ နည်းပညာတွေကို ပြတာပါ။ နိုင်ငံပေါင်း ၁၁ နိုင်ငံက ကုမ္ပဏီပေါင်း ၃၀၀ ထုတ်လုပ်တဲ့ ပစ္စည်းတွေကိုပြတဲ့ ပြခန်းတွေပါတယ်။ Authentic ကုမ္ပဏီကနေပြီး ရေပိုက်တွေ၊ ရေတိုင်ကီတွေ၊ ပြည်တွင်းထုတ်နေတဲ့ ကမ္ဘာ့အဆင့်မီပစ္စည်းတွေကို ပြတာပေါ့။ ဒါတွေကို ဒီတစ်ပတ် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်မှာ ထူးထူးခြားခြား ထည့်သွင်းပြသတာပါ။

MSME Product ရောင်းတဲ့ဆိုင်ခန်းပေါင်း ၃၆၂ ခန်း၊ ကျန်တဲ့ စားသောက်ကုန် လှည်းလေးတွေအပါ ၁၇၁ ခု စုစုပေါင်း ၅၃၃ ခန်းဖြစ်ပါတယ်။ E-sport ဂိမ်းတွေကို ဈေးရောင်းပွဲတော်တိုင်းမှာ လူငယ်တွေအတွက် ရည်ရွယ်ပြီး ထည့်သွင်းထားပါတယ်။ ဒီတစ်ပတ်မှာ အမျိုးသမီးတွေအတွက်ပါ ပြိုင်ပွဲထည့်သွင်းထားပါတယ်။ အဖွဲ့လိုက်ပထမဆုဆိုရင် သိန်း ၃၀၊ ဒုတိယဆု သိန်း ၂၀၊ တတိယဆုက ၁၀ သိန်းပေါ့။ အဲဒီအပြင် ဂိမ်းထဲမှာပါတဲ့ အကောင်လေးတွေနဲ့ သဏ္ဌာန်တူ သရုပ်ဆောင်ပြိုင်ပွဲလည်း ထည့်သွင်းထားပါတယ်။ ဒီနေ့ညမှာ ဟာသ၊ သဘင်၊ ရုပ်ရှင်၊ ဂီတ၊ နာမည်ကျော်သရုပ်ဆောင်တွေနဲ့၊ အဆိုတော်တွေနဲ့ ည ၆ နာရီကနေ ည ၁၀ နာရီခွဲအထိ ဖျော်ဖြေဖို့ရှိပါတယ်။ DJ တို့၊ Dancer တို့အပါပေါ့။ မနက်ဖြန်နဲ့ သဘက်ခါကျရင် နံနက် ၁၁ နာရီကနေစပြီး ညနေ ၅ နာရီအထိ စတိတ်ရှိုးပါမယ်။ ညပိုင်းကျရင် ည ၆ နာရီကနေ ည ၁၀ နာရီခွဲအထိ ဖျော်ဖြေရေးအစီအစဉ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

မီးရှူးမီးပန်းက မနက်ဖြန်နဲ့ သဘက်ခါပေါ့၊ အဖိတ်နေ့နဲ့ လပြည့်နေ့ ည နှစ်ရက်မှာ အရင်သီတင်းကျွတ်ပွဲလို မီးရှူးမီးပန်းဖောက်မှာ ဖြစ်ပါတယ်။ ပိတ်ရက်တွေဖြစ်တဲ့အတွက် ပြည်သူလူထုအားလပ်ရက်လည်းဖြစ်တယ်။ ဒီမှာလာရောက် အပန်းဖြေလို့ရတယ်။ ကုန်ပစ္စည်းတွေအပြင် အစား အသောက်ဆိုင်တွေ၊ ဒီတစ်ပတ်မှာ တွန်းလှည်းလေးတွေနဲ့ ရောင်းချတဲ့ အစားအသောက်ဆိုင်လေးတွေကိုလည်း ထည့်သွင်းထားတာဖြစ်တဲ့အတွက် အစုံပါမှာပါ။ မြို့နယ်ပေါင်းစုံက နာမည်ကြီးတဲ့ ဝက်သားတုတ်ထိုး၊ ဒိန်ချဉ်ကအစ ပါတယ်။ လာရောက်စားသုံးကြပါ၊ ဖျော်ဖြေပွဲတွေလည်း လာရောက်ဆင့်နွဲလို့ရပါတယ်။ လူငယ်တွေဆိုရင် E-sport ဂိမ်းတွေ ပါဝင်ယှဉ်ပြိုင်လို့ရပါတယ်။ ညဘက် ၁၀ နာရီခွဲ မိုးချုပ်တယ်ဆိုပေမယ့် မြို့နယ်အသီးသီးပြန်ဖို့အတွက် ပြီးခဲ့တဲ့ သီတင်းကျွတ်ဈေးရောင်းပွဲတော်လို လိုင်းကားတွေအဆင်ပြေအောင် စီစဉ်ထားပါတယ်။ စတုဒိသာလည်း ကျွေးဖို့အစီအစဉ်ရှိတယ်။ ဒံပေါက်က နံနက်/ည၊ မနက်ဖြန်မှာ ဒံပေါက်အပြင် ကြက်ဆီထမင်းလည်းကျွေးမှာပါ။

ဒေါက်တာဌေးလွင်

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး

ကျွန်တော်တို့ ဒီတန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကြီးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျန်းမာရေးဆပ်ကော်မတီဆိုပြီး ဖွဲ့ပေးထားပါတယ်။ အဖွဲ့ထဲမှာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ကျန်းမာရေးကော်မတီအဖွဲ့ရယ်၊ တိုင်းရင်းဆေးအဖွဲ့၊ ကြက်ခြေနီအဖွဲ့ ဆိုပြီး အဖွဲ့လေးဖွဲ့နဲ့ပူးပေါင်းပြီး ဒီပွဲတော်ကို လာရောက်ကြမယ့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာဖြစ်ပါတယ်။ ဒီပွဲတော်လာပြည်သူတွေ ဖျားတာ၊ နာတာ၊ တခြားကျန်းမာရေးနဲ့ ပတ်သက်တဲ့ ပြဿနာတွေရှိရင် အနောက်တိုင်းဆေးပညာနဲ့ ကျန်းမာရေးဌာနကကုသမှုပေးပါတယ်။ ကျန်းမာရေးအဖွဲ့အနေနဲ့လည်း ဒီအခမ်းအနားကျင်းပတဲ့နေရာမှာ ကြိုတင်ပြင်ဆင်မှုတွေ၊ ကူးစက်ရောဂါတွေ မဖြစ်ပွားအောင် ဆေးဖျန်းတာတွေကိုလည်း ဆောင်ရွက်ပါတယ်။ အနောက်တိုင်းဆေးပညာအပြင် တိုင်းရင်းဆေးပညာအဖွဲ့အနေနဲ့လည်း လိုအပ်တဲ့တိုင်းရင်းဆေးနည်းပညာနဲ့ ကုသမှုတွေလုပ်ပေးပါတယ်။ နောက် အရေးပေါ်ဖြစ်ပွားခဲ့ရင် လူနာတွေကယ်ဖို့အတွက် ကြက်ခြေနီတပ်ဖွဲ့လည်း ပါပါတယ်။ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀နဲ့ ဆောင်ရွက်ပါတယ်။ ဆေးရုံပို့ရမယ်ဆိုရင်လည်း ကြက်ခြေနီလူနာတင်ကားနဲ့ တိုင်းကျန်းမာလူနာတင်ကား စုစုပေါင်းနှစ်စီးနဲ့ အဆင်သင့်ဆောင်ရွက်ထားပါတယ်။ ဒါ့အပြင် လိုအပ်လို့ ဆေးရုံတွေမှာကုရမယ်ဆိုရင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ ဂျပန်ဆေးရုံသစ်ကြီးမှာ အရေးပေါ်ကုသနိုင်ရေးအတွက် ၂၄ နာရီ ဆရာဝန်တွေဂျူတီချထားပြီး ဒီပွဲတော်အတွင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျပြင်ဆင်ထားရှိပါတယ်။

ဦးမြင့်ဝင်း

(Manufacturing Director – Super Seven Stars Industrial Development Co., Ltd.)

အခုပွဲတော်မှာ ပြခန်း ၁၅ ခုရှိပါတယ်။ အများစုကတော့ စက်မှုနဲ့ ပတ်သက်တဲ့ ထုတ်ကုန်တွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ အဖျော်ယမကာတွေ၊ ဆေးပိုင်းဆိုင်ရာတွေ တော်တော်များပါတယ်။ ကုမ္ပဏီပေါင်း ၃၂ ခုရှိပါတယ်။ SKU က ထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းပေါင်း ၂၀၀ ကျော်ကို တည်ခင်းပြသထားပါတယ်။ အစားအသောက်နဲ့ အဖျော်ယမကာ ပေါင်းစုံပါတယ်။ မိသားစုတွေမှာ Home Care အတွက်မရှိမဖြစ် လိုအပ်တဲ့ ပစ္စည်းတွေပါတယ်။ ပေါင်ဒါ၊ ဆပ်ပြာစသဖြင့်ပေါ့။ ဒီဘက်မှာဆိုရင် ကော်ဖီမစ်တွေ၊ Snack တွေ၊ ဆေးပိုင်းဆိုင်ရာ၊ ဝိုင်ထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊ ခေါက်ဆွဲထုတ်တဲ့နည်းပညာတွေ၊ ဟင်းချက်ဆီ ထုတ်လုပ်တာတွေပါတယ်။ ဟင်းချက်ဆီကိုထုတ်လုပ်နိုင်ဖို့အတွက် အပင်စိုက်ပျိုးတဲ့နည်းစနစ်တွေကအစ မလေးရှားက Simedarby ကုမ္ပဏီနဲ့ ချိတ်ဆက်ပြီး ပြခန်းတွေပြသထားတယ်။

ကျွန်တော့်အနေနဲ့ ပြောချင်တာက နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင် အရေးကြီးဆုံးတစ်ချက်က ပြည်ပကတင်သွင်းမှုတွေကို လျှော့ချနိုင်ရမယ်။ လျှော့ချနိုင်မယ့် နည်းလမ်းက ကိုယ့်ဆီမှာရှိတဲ့ ကုန်ကြမ်းပစ္စည်းကို အခြေခံပြီး စားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေကို တန်ဖိုးမြင့်ကုန်ပစ္စည်းတွေ ထုတ်လုပ်မယ်။ အဲဒီလို ထုတ်လုပ်တဲ့အခါမှာ သွင်းကုန်တွေကို ကျွန်တော်တို့ လျှော့ချနိုင်မယ်။ နိုင်ငံခြားက တင်သွင်းပြီဆိုရင် ဒေါ်လာနဲ့ဝယ်ရတယ်။ အဲဒီလိုလျှော့ချခြင်းဖြင့် နိုင်ငံခြားငွေချွေတာနိုင်တယ်။ တော်တော်ကြီး Saving လုပ်နိုင်တယ်။ တကယ်လို့သာ စံချိန်မီ ဒီပစ္စည်းတွေကို ထုတ်နိုင်မယ်ဆိုရင် နိုင်ငံခြားကို Carrefour Network နဲ့တည်ဆောက်ပြီး နိုင်ငံတကာကိုပို့လို့ရတယ်။ အဲဒီအခါ နိုင်ငံတကာငွေကို ကျွန်တော်တို့ရှာဖွေလို့ရတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီး ကျွန်တော်တို့မြန်မာပြည်ကြီး ခေတ်မီနည်းပညာနဲ့ တိုးတက်နိုင်အောင်ဆိုပြီး ရည်ရွယ်ချက်နဲ့ပြခန်းလေးကို ပြရတာဖြစ်ပါတယ်။ ဒါကြောင့် မို့ ဖြစ်နိုင်ရင် MSME လုပ်ငန်းရှင်တွေ လာရောက်လေ့လာပါလို့ ဖိတ်ကြားလိုပါတယ်။

ဦးစိုးမင်းအောင်(ပြည်သူတစ်ဦး)

ဒီနေ့ကတော့ တန်ဆောင်တိုင်နဲ့ ပတ်သက်ပြီး ပြည်သူ့ဥယျာဉ်မှာ ဈေးရောင်းပွဲတော်လုပ်တဲ့အတွက် ကျွန်တော် ဒီနေ့ ဒီနေရာကိုရောက်တာပါ။ ရောက်တာကလည်း တခြားအကြောင်းတော့ရှိပါတယ်။ ကျွန်တော်ငယ်ငယ်က တက်ခဲ့တဲ့ကျောင်း အထက(၁)လသာ ဘင်ခရာအဖွဲ့ ကလေးတွေလည်း ဒီမှာလာပြီး တီးမှုတ်ဖျော်ဖြေရတဲ့အတွက် လာကြည့်ရင်းနဲ့ ဒီပွဲကိုရောက်လာတာပါ။ ကျွန်တော့်အနေနဲ့ကတော့ မြန်မာလူမျိုးဖြစ်တဲ့အတွက် မြန်မာတွေရဲ့ ယဉ်ကျေးမှုထုံးတမ်းစဉ်လာ တချို့ကိစ္စတွေဟာ ကျွန်တော်တို့အနေနဲ့ ဆက်လက်ထိန်းသိမ်းရမယ်လို့ ယူဆတယ်။ ဒါကြောင့်မို့ ဒီနေ့ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကို ဒီနေ့ကစပြီး ကျင်းပမှာဖြစ်တဲ့အတွက် လာရောက်လေ့လာကြည့်ရှုဝယ်ယူနိုင်ကြပါတယ်လို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်ပါတယ်။ ကလေးတွေလည်း ပျော်ကြမယ်လို့ ယူဆပါတယ်။ ဒီဈေးပွဲတော်လုပ်တဲ့အတွက် ပြည်သူတွေအနေနဲ့လည်း ပွဲလမ်းသဘင်တစ်ခုအနေနဲ့ လာရောက်ပြီး ဆင်နွဲလို့ရမှာဖြစ်တဲ့အတွက် ဒီကိုလာခဲ့ရင် တင်းကျပ်နေတဲ့စိတ်တွေလည်း ပြေလျော့သွားမယ်လို့ ယူဆပါတယ်။

တွေ့ဆုံမေးမြန်း – ချိုကြီး

ဓာတ်ပုံ – ရဲထွန့်

တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် သြဂုတ်လ ၁ ရက်နေ့မှစပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှစပြီး မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး) ဘာသာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစပြီး မတ်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ နံနက် ၁၂:၀၀ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၄:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ညနေ ၁၇:၀၀ နာရီမှ ၁၈:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ ၁၈:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၀:၀၀ နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာ အစီအစဉ်၊ ည ၂၀:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ချင်း(ချိုး)ဘာသာ အစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

TNLA အဖွဲ့နှင့် PDF အမည်ခံပူးပေါင်းအကြမ်းဖက်သမားများက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများ ပို့လွှတ်သည့် ပိုက်လိုင်းစီမံကိန်းအား နှောင့်ယှက်ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၂၅

TNLA အဖွဲ့နှင့် PDF အမည်ခံပူးပေါင်းအကြမ်းဖက်သမားများသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် အကြမ်းဖက်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများ ပို့လွှတ်လျက်ရှိသည့် ပိုက်လိုင်းတွင် အဓိကကျသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ဧပင်ကျေးရွာအနီးရှိ ထိန်းချုပ်ရေးစခန်းအား TNLA အကြမ်းဖက်သမားများက နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ဝင်ရောက်နေထိုင်ခဲ့ပြီး ထိန်းချုပ်ရေးစခန်းရှိ ထိန်းချုပ်ရေးပစ္စည်းများ ထိခိုက်စေရန်ရည်ရွယ်၍ ဖျက်ဆီးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ၏ စစ်ရေးနှင့်မသက်ဆိုင်သည့် အကြမ်းဖက်လုပ်ရပ်များကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများ ပို့လွှတ်ခဲ့ရာတွင် ထိခိုက်မှုရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဖျက်ဆီးခံရသည့် ရေနံဓာတ်ငွေ့ထိန်းချုပ်ရေးစခန်းတည်နေရာပြမြေပုံ







ရေနံပိုက်လိုင်းထိန်းချုပ်ရေးစခန်းအဆောက်အအုံ၏ အတွင်းအပြင်ရှိ လုပ်ငန်းသုံးပစ္စည်းများ ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

အကြမ်းဖက်သမားများက စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပြည်သူများအသုံးပြုလျက်ရှိသည့် လျှပ်စစ်ဓာတ်အားများ လျော့နည်း၍ ဖြန့်ဖြူးပေးခဲ့ရ

နေပြည်တော် နိုဝင်ဘာ ၂၅

အကြမ်းဖက်သမားများအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်းဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက် ည ၇ နာရီခွဲခန့်တွင် အကြမ်းဖက်သမားများက ရန်ကုန်မြို့မှ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ပို့လွှတ်ရန် သွယ်တန်းထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား မွန်ပြည်နယ် သထုံမြို့နယ် ညောင်ချောင်းကျေးရွာအနီး အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပိုက်လိုင်းပေါက်ကွဲပျက်စီးခဲ့သည်။

အဆိုပါ ပိုက်လိုင်းပေါက်ကွဲပျက်စီးမှုကြောင့် ရန်ကုန်မြို့ရှိ လှော်ကားဓာတ်အားပေးစက်ရုံ ရပ်တန့်ခဲ့ရသဖြင့် ၅၅ မဂ္ဂါဝပ် ဆုံးရှုံးခဲ့ရပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကျဆင်းခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ပြည်သူများ အသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်အားကို လျော့နည်း၍ ဖြန့်ဖြူးခဲ့ရသည်။ ပိုက်လိုင်းပျက်စီးခဲ့သည့်နေရာတစ်ပိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဝန်ထမ်းများက အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ မြိုင်ကလေးဓာတ်ငွေ့ထိန်းဖြန့်စခန်းမှတစ်ဆင့် Gas Turbine(သထုံ)သို့ ဓာတ်ငွေ့ပို့လွှတ်လျက်ရှိသော ပိုက်လိုင်းအား နိုဝင်ဘာ ၁၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ကျန်အုပ်စု ဆယ်မိုင်ကုန်းကျေးရွာအနီးတွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အဆိုပါပိုက်လိုင်းပေါက်ကွဲမှုကြောင့် Gas Turbine (သထုံ) ရပ်ဆိုင်းခဲ့ရသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကျဆင်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ မော်လမြိုင်မြို့နယ်နှင့် သထုံမြို့နယ်တို့ရှိဒေသများရှိ ပြည်သူများထံသို့ လျှပ်စစ်ဓာတ်အားကို လျော့နည်း၍ ဖြန့်ဖြူးခဲ့ရသည်။ ပိုက်လိုင်းပျက်စီးခဲ့သည့်နေရာသို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှဝန်ထမ်းများက ကွဲအက်သည့်ပိုက်လိုင်းများအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၈ ရက်တွင် ပြန်လည်ဆောင်ရွက်ပြီးစီးခဲ့သဖြင့် Gas Turbine(သထုံ)သို့ ဓာတ်ငွေ့များ ပုံမှန်အတိုင်း ပြန်လည်ပို့လွှတ်ဖြန့်ဖြူးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ စစ်ရေးနှင့်မသက်ဆိုင်သည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများစွာထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့ရကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးကို ပြည်သူလူထုနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မြိုင်ကလေး-သထုံ-ဘီးလင်း ၁၄/၁၀ လက်မ ဓာတ်ငွေ့ပိုက်လိုင်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သည့် တည်နေရာပြမြေပုံ။



မြိုင်ကလေး-ရန်ကုန် ၂၀ လက်မ ဓာတ်ငွေ့ပိုက်လိုင်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သည့် တည်နေရာပြမြေပုံ။

နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၇၁၅ ဦး၊ အမျိုးသမီး ၁၀၀ စုစုပေါင်း ၈၁၅ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၇၂၆၆ ဦး၊ အမျိုးသမီး ၇၂၇ ဦး စုစုပေါင်း ၇၉၉၃ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စစ်သင်တန်းတက်ရန် စာရင်းကောက်ယူ နေသည်ဆိုသော သတင်းမှာ သတင်းမှားသာဖြစ်ဟု ဆို

နေပြည်တော် နိုဝင်ဘာ ၂၅

နေပြည်တော်တွင် စစ်သင်တန်းတက်ရန်စာရင်းကောက်ယူနေသည်ဆိုသော သတင်းများမှာ သတင်းမှားသာဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းမှန်ပြန်ကြားရေးက ထုတ်ပြန်လိုက်သည်။ ယင်းသတင်းမှာ နိုင်ငံ့ဝန်ထမ်းများ စိုးရိမ်ထိတ်လန့်စေရန် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း၊ လက်ရှိတွင် ဝန်ထမ်းများအနေဖြင့် တာဝန်ကျရာ ဌာနများတွင် ပုံမှန်အတိုင်းရှိနေကြောင်း နေပြည်တော် ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်းတစ်ဦးက ပြောသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူတစ်ဦး၏ ဖြေကြားချက်အရ မဟုတ်မှန်ကြောင်း၊ မိမိတို့အနေဖြင့် တာဝန်ကျရာဌာနများတွင် ပုံမှန်အတိုင်း ထမ်းဆောင်လျက်ရှိပြီး ယင်းမှာ သတင်းအမှားသာဖြစ်ကြောင်း၊ ပြည်ဖျက်မီဒီယာများ အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ စိုးရိမ်ထိတ်လန့်စေရန် မဟုတ်မမှန် လုပ်ကြံသတင်းများကို ရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း လက်ရှိတာဝန်ထမ်းဆောင်နေသောအစိုးရ ဝန်ထမ်းတစ်ဦးက ပြောသည်။

ယင်းအပြင် ရုံးအသွားအပြန် ဝန်ထမ်းကြိုပို့ ယာဉ်ဖြင့်သာ သွားလာခွင့်ပြုပြီး လုံခြုံရေး တင်းကြပ်လျက်ရှိတာကြောင့် Non CDM များထွက်ပြေးရန်ပင် အခက်အခဲဖြစ်နေကြကြောင်းလည်း ပြည်ဖျက်မီဒီယာများက ဝါဒဖြန့် ရေးသားနေကြခြင်းဖြစ်သည်။ “ဝန်ထမ်းတွေ ကြိုပို့ကားက နဂိုကပဲရှိတာလေ၊ လုံခြုံရေးကို အထူးတင်းကြပ်တာတော့ မရှိပါဘူး၊ လမ်းတွေမှာတော့ ရှိတာပေါ့။ ဒါက ပုံမှန်ပဲလေ၊ နယ်တွေက ဝန်ထမ်းတွေကိုဆိုရင် အရင်ကတည်းက လုံခြုံရေးပိုကောင်းအောင် လုံခြုံရေးပေးတာတွေ လည်းရှိတယ်။ ဝန်ထမ်းတွေ အနေနဲ့ စစ်သင်တန်းတက်ရမယ် ဆိုတာတော့ ကျွန်တော်တို့ကို ပြောလည်း မပြောဘူး၊ စာရင်းမကောက်ပါဘူး၊ အခုသတင်းတွေကို ကျွန်တော်တို့လည်း တွေ့ပါတယ်။ ဒါကတော့ သူတို့ဘက်က ဝါဒဖြန့်တဲ့သဘောပဲ ဖြစ်မှာပါ”ဟု လက်ရှိတာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်းတစ်ဦးက ပြောသည်။

လူမှုကွန်ရက်တွင် နေပြည်တော်ရှိဌာနဆိုင်ရာအသီးသီးမှ အမျိုးသား Non CDM များအား တပ်မတော်က ကိုယ့်အလေးချိန်နှင့် အရပ်တိုင်းပြီး ရှေ့တန်းအတွက်ဒီဇင်ဘာလအတွင်း စစ်သင်တန်းပေးရန် စာရင်းစတင်ကောက်ယူနေကြောင်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများကတစ်ဆင့် သတင်းတုသတင်းမှားများ ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။ **မျိုးခိုင်**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ သန်လျင်ရေတပ်မှ တပ်ဖွဲ့ဝင်များက လက်နက်များယူဆောင်၍ ထွက်ပြေးသွားကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ သန်လျင်ရေတပ်စခန်းဌာနချုပ်မှ တပ်ဖွဲ့ဝင် ၁၇ ဦးက လက်နက်အချို့ယူဆောင်ပြီး တပ်မှထွက်ပြေးသွားကြောင်း ကောလာဟာလသတင်းများ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

လုပ်ကြံသတင်းများသာဖြစ်

အဆိုပါ တပ်ဖွဲ့ဝင် ၁၇ ဦး တပ်မှ ထွက်ပြေးခြင်း မရှိကြောင်း တပ်တွင်းအခိုင်အမာ သတင်းများအရ သိရှိရပြီး ပြည်ဖျက်မီဒီယာအချို့က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည့် လုပ်ကြံသတင်းများသာဖြစ်ပြီး နိုင်ငံတော်တာဝန်များကို တာဝန်ကျေပွန်စွာထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် အများပြည်သူများ ထင်ယောင်ထင်မှားဖြစ်လာစေရန်နှင့် တပ်တွင်းစည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေရန် ဝါဒဖြန့်ရေးသားမှုသက်သက်သာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရွာအချို့တွင် ပြည်သူ့စစ်အတွက် တစ်အိမ်ထောင် ၂၀၀၀ ကျပ် ကောက်နေကြောင်း မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ကျေးရွာတချို့တွင် နိုဝင်ဘာ ၂၄ ရက် ညပိုင်းက ပြည်သူ့စစ်ထောက်ပံ့ကြေးအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀ ထည့်ရန် အုပ်ချုပ်ရေးအဖွဲ့များက အသံချဲ့စက်ဖြင့် အသိပေးခဲ့ပြီး မဖြစ်မနေ ထည့်ဝင်ရမည်ဆိုကာ ခြိမ်းခြောက်သွားကြောင်း၊ ဒေသခံများကို နည်းလမ်းမျိုးစုံဖြင့် ငွေကြေးရယူမှုများ မကြာခဏ လုပ်နေကြောင်း၊ ကဝမြို့ဒေသခံများ၏ ပြောကြားချက်အရ သိရှိရကြောင်း မဟုတ်/မမှန်သတင်းများ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူ တစ်ဦးက “လုပ်ကြံသတင်းသာဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ ရိုးသားသည့် စိတ်ဓာတ်ကို အခြေခံအသုံးချပြီး အထင်အမြင်လွဲမှားမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းတု ထုတ်လွှင့်ခြင်းသာဖြစ်ကြောင်း” ၎င်း၏ ပြောကြားချက်အရ သိရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်မှုအားပေး ပြည်ဖျက်မီဒီယာအချို့သည့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများကို နည်းလမ်းမျိုးစုံအသုံးပြု၍ ဖြန့်ဝေ ရေးသားလျက်ရှိပြီး ပြည်သူများ စိုးရွံ့ထိတ်လန့် ပူပန်မှုများဖြစ်ပေါ်စေရန်နှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေသူများအပေါ် ကြောက်ရွံ့မုန်းတီးပြီး အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်လျက် သတင်းတု၊ သတင်းအမှားများ ဖန်တီးရေးသားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

တပ်အင်အား ၁၄၀၀၀ ခန့် ပြင်ဆင်ထားဆိုသော သတင်းမှာ လုပ်ကြံသတင်းသာဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၅

နေပြည်တော်သို့ တပ်အင်အား ၁၄၀၀၀ ခန့် ပြင်ဆင်ထားဆိုသော သတင်းမှာ လုပ်ကြံသတင်းသာဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော တပ်မတော်အရာရှိတစ်ဦးက ပြောသည်။

“အဲဒီ သတင်းမဟုတ်ဘူး။ နေပြည်တော်မှာ အေးချမ်းပြီးသားပါ။ ပေါက်ကရသတင်းတွေက သိတဲ့အတိုင်း၊ နေ့တိုင်း တက်နေတာ။ ဒါက တစ်ဖက်အဖွဲ့အစည်းရဲ့ စီမံချက်တစ်ခုပဲ ဖြစ်မှာပါ။ ဒီလိုသတင်းတုတွေကို ဖတ်မိရင် နေပြည်တော်မှာနေတဲ့သူတွေကို တုန်လှုပ်စေချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ လုပ်တဲ့သဘောပေါ့။ ကျွန်တော် ပြောမယ်။ နေပြည်တော်မှာ တပ်အင်အား ၁၄၀၀၀ လောက်နဲ့ ပြင်ဆင်ထားတယ်ဆိုတာ မဟုတ်ပါဘူး၊ လုံးဝပါ”ဟု အဆိုပါ တပ်မတော်အရာရှိက ပြောသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ကလည်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် ဌာနချုပ်ကို တစ်နိုင်ငံလုံးရှိထိုးစစ်မှကာကွယ်ရန် တပ်အင်အား ၁၄၀၀၀ ခန့်ဖြင့် ပြင်ဆင်ထားကြောင်းရေးသားနေသည့်သတင်းမှာ သတင်းတု၊ သတင်းမှားသာဖြစ်ပြီး ယင်းကို ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရကြောင်း ထုတ်ပြန်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့အနေဖြင့်လည်း အဆိုပါ သတင်းနှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူတစ်ဦး၏ ဖြေကြားချက်အရ သတင်းမှားများသာဖြစ်ကြောင်း၊ ပြည်ဖျက်မီဒီယာများအနေဖြင့် နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ကြံဓာတ်လမ်းဆင်ပြီး ဝါဒဖြန့်ချီ ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ **မျိုးခိုင်**

(၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ရှေ့တံဆိပ် ရှစ်ခု၊ ဌေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ခုနစ်ခုတို့ရရှိခဲ့ပြီး နိုင်ငံအလိုက် စတုတ္ထအဆင့်နေရာတွင် ရပ်တည်နိုင်ခဲ့

(၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ဝင်ရောက်ယှဉ်ပြိုင်စဉ်။

(၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ဆုလက်ခံရယူစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၅

(၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ(AARM-31)ကို နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုသို့ ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း အနေဖြင့် ပစ္စတိုအမျိုးသားအသင်းတွင် ငါးဦး၊ ပစ္စတိုအမျိုးသမီးအသင်းတွင် ငါးဦး၊ ကာဘိုင်အမျိုးသားအသင်းတွင် ငါးဦး၊ ရိုင်ဖယ် အမျိုးသားအသင်းတွင် ငါးဦးနှင့် စက်သေနတ် အမျိုးသားအသင်းတွင် ငါးဦး စုစုပေါင်း သေနတ်ပစ်အားကစားသမား ၂၅ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ငါးခု၊ ထိလဲပြားပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခုတို့ရရှိခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ခုနစ်ခု ဆွတ်ခူးရရှိခဲ့ကာ နိုင်ငံအလိုက် စတုတ္ထအဆင့်နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အဆိုပါ မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက်စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးကြသည်။





စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်းနှင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပဲခူးတိုင်းဒေသကြီးအတွင်းသို့ နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုအသစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၂ သန်းနှင့် ထပ်မံလုပ်ငန်းတိုးချဲ့မှု အမေရိကန်ဒေါ်လာ ခုနစ်သန်း တိုးတက်ဝင်ရောက်ခဲ့

ပဲခူး နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၇/၂၀၂၃) ကျင်းပပြုလုပ်သည်။

တိုးတက်ဝင်ရောက်

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုဝင်ဘာလ တစ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အသစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၂ သန်းနှင့် လုပ်ငန်းတိုးချဲ့မှုအတွက် အမေရိကန်ဒေါ်လာ ခုနစ်သန်း တိုးတက် ဝင်ရောက်ခဲ့သည့် အတွက် ဝမ်းမြောက်ပါကြောင်း၊ လည်ပတ်လျက်ရှိသည့် စက်ရုံများ တွင်လည်း အလုပ်သမားများ၏ ကျန်းမာရေးဆိုင်ရာထိခိုက်နိုင်မှု ရှိ/မရှိ၊ အလုပ်သမားများ၏ ရပိုင်ခွင့် အခွင့်အရေးများ ရရှိနိုင်ရေး ရှောင်တခင် ဝင်ရောက်စစ်ဆေး ခြင်းများ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေး အတွက် လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်သည့် လုပ်ငန်းများ၊ မြေသြဇာထုတ်လုပ်သည့်လုပ်ငန်း များနှင့် မွေးမြူရေးထုတ်ကုန် အတွက် အအေးခန်းစက်ရုံများ ဖွင့်လှစ်နိုင်ရေး ပြည်ပရင်းနှီးမြှုပ်နှံ မှုများကို ဖိတ်ခေါ်ဆောင်ရွက်သွား ရန်လိုအပ်ပြီး လွယ်ကူလျင်မြန်စွာ

လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ဥပဒေ နှင့်အညီ သက်ဆိုင်ရာ ဌာနဆိုင်ရာ များက ပူးပေါင်းကူညီဆောင်ရွက် ရန်လိုအပ်ကြောင်း ပြောကြားခဲ့ သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှူဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးကိုကိုလတ်က ရင်းနှီး မြှုပ်နှံမှုအသစ် ဝင်ရောက်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးချဲ့လုပ်ကိုင် ခြင်းနှင့် တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်းများဆိုင်ရာ လုပ်ငန်း အမှုတွဲများအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြ ခဲ့မှုအပေါ် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့ကြရာ တိုင်း ဒေသကြီး ဝန်ကြီးချုပ်က ဥပဒေ နှင့်အညီ ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အလုပ်အကိုင် အခွင့်အလမ်း ၁၁၂၈၁ ဦး ဖော်ဆောင်ပေးနိုင်ခဲ့

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၉၇ ဒသမ ၁၁၇ သန်းနှင့် မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၇၅၄၅၆ ဒသမ ၂၇၅ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင် အခွင့် အလမ်း ၁၁၂၈၁ဦး ဖော်ဆောင်ပေး နိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မုံရွာ နိုဝင်ဘာ ၂၅

ဘုရားဖူးလာရောက်ကြသည့် ဒေသခံပြည်သူ များ စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများ နိုင်စေရန်အတွက် သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရင်ပြင်တော်သန့်ရှင်းရေး လုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အရှေ့ဘက် ကန်သာယာကန်ရှိ မြို့ရာပြည့်ကပ်ကျော်စေတီတော် ပတ်ဝန်းကျင်အတွင်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေး အဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း များ ဆောင်ရွက်ခဲ့ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြ သူများအား စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေး ဧည့်ခံခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၁၄ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေး အဖွဲ့များ စုစုပေါင်းအင်အား ၁၆၀၀ ကျော်ဖြင့် အခြေခံပညာကျောင်းများနှင့်မြို့သန့်ရှင်းသာယာရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြ သည်။

ရှင်းလင်းပြသ

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့အား မြို့အင်္ဂါရပ်နှင့် အညီ သန့်ရှင်းသာယာလှပစေရေးအတွက် အနောက်ဘက် ကန်သာယာကန် အဆင့်မြှင့်တင်ရေးလုပ်ငန်း သို့ ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် တာဝန် ရှိသူများက အနောက်ဘက် ကန်သာယာကန် ပတ်လမ်း အရှည် ပေ ၅၅၀၀၊ အကျယ် ၁၈ ပေ နိုင်လွန် ကတ္တရာခင်းခြင်းလုပ်ငန်း၊ စတီးလက်ရန်းများ တပ်ဆင်နေမှု၊ လျှပ်စစ်မီးတိုင်များတပ်ဆင်ခြင်း၊ ကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ နှင့် မြေထိန်းနံရံလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေ အနေများအား လိုက်လံရှင်းလင်းပြသကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာအဝင် ဆိုင်းဘုတ်အသစ်ဖွင့်လှစ်

ဘားအံ နိုဝင်ဘာ ၂၅

ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံ ငွေကျပ် ၁၅ သန်းဖြင့် ကရင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ မှ ဆောင်ရွက်သော လှိုင်းဘွဲ မြို့နယ် ထီလုံကျေးရွာအဝင် ဆိုင်းဘုတ်အသစ် ဖွင့်ပွဲအခမ်း အနားကို ယနေ့နံနက် ၈ နာရီခွဲခန့် က ဘားအံ-လှိုင်းဘွဲ ကားလမ်းမ ကြီးနှင့် ထီလုံကျေးရွာလမ်းဆုံ၌ ကျင်းပသည်။

ဆိုင်းဘုတ်အသစ် ဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပအိုဝ်းလူမျိုး အများစုနေထိုင်ကြသည့် ထီလုံ ကျေးရွာတွင် ရွာအဝင်ဆိုင်းဘုတ် အသစ်ကို ပအိုဝ်းတိုင်းရင်းသား တို့၏ ယဉ်ကျေးမှုလက္ခဏာ သင်္ကေတကို ထည့်သွင်းပုံဖော် တည်ဆောက်ပြီး ဖွင့်လှစ်ပေးနိုင် ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက် ဖွယ်ရာ နေ့တစ်နေ့ဖြစ်ကြောင်း၊ ရွာအဝင် ဆိုင်းဘုတ်အသစ်ကို မြေဧရိယာ စတုရန်းပေ ၃၄၀၀ ပေါ်တွင် ပန်းအလှပင်များဖြင့် လှပအောင် စီမံဆောင်ရွက်ထား ပြီး ထီလုံကျေးရွာမှ ကြိုဆိုပါ၏၊ စာတန်းကို ပအိုဝ်း၊ မြန်မာ၊ ကရင် သုံးဘာသာဖြင့် သုံးဖက်မြင်ဒီဇိုင်း ပြုလုပ်ထားကာ ၎င်းအပေါ်တွင် ပအိုဝ်းယဉ်ကျေးမှုကို ရည်ညွှန်း ဖော်ကျူးသော တိုင်းရင်းသား မောင်နှံရုပ်ထုကို ထည့်သွင်း ဆောင်ရွက်ထားကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ရိုးသားဖြူစင် သော ပအိုဝ်းတိုင်းရင်းသားတို့၏ ဘဝသာယာငြိမ်းချမ်းပြီး တိုးတက် ကြီးပွားစေရန် အစွမ်းကုန်ကြိုးပမ်း အားထုတ် ဆောင်ရွက်ပေးလျက်ရှိ သကဲ့သို့ ပအိုဝ်းလူမျိုးတို့၏ စည်းလုံး ညီညွတ်မှုအားဖြင့် စိမ်းလန်းစိုပြည်လှပသော၊ သာယာ ဝပြောသော၊ ငြိမ်းချမ်းသော ကရင်ပြည်နယ်ကြီး အဖြစ် အမြန်ဆုံး ရောက်ရှိပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ပြည်နယ်ပအိုဝ်း စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌတို့က ထီလုံကျေးရွာအဝင် ဆိုင်းဘုတ်အသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ ပြည်နယ် ဝန်ကြီးချုပ်က ဆိုင်းဘုတ်အသစ် အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်က ပအိုဝ်းရိုးရာယဉ်ကျေးမှု အဖွဲ့နှင့် ကရင်ရိုးရာယဉ်ကျေးမှု အဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ စုပေါင်း မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ ကြသည်။

အလားတူ ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့အား မြို့တော် အင်္ဂါရပ်များနှင့်အညီ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် Green City၊ Clean City ဖြစ်စေ ရေး ဌာနဆိုင်ရာများနှင့် ရပ်ကွက် နေပြည်သူများ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ဘားအံမြို့ပေါ် ရှိ ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားစေတီများတွင် စုပေါင်း သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ မှဦးစီး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀ ခန့်က ခေမာရာမ ကျောင်းတိုက်၊ တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက်၊ ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း၊ ဇမ္ဗူမြို့ငှက်ဘုန်းတော်ကြီးကျောင်း နှင့် သီရိဟောမာသီလရှင်စာသင် တိုက်တို့တွင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ် တရားလွှတ်တော် တရားသူကြီး ချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များက အဆိုပါကျောင်းတိုက်များရှိ ဆရာတော် များအား ဖူးမြော် ကြည်ညိုး၍ လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

လာအိုနိုင်ငံက ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှု စတင်ဆောင်ရွက်

ဗီယင်ကျန်း နိုဝင်ဘာ ၂၅

လာအိုနိုင်ငံသည် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလှုပ်ရှားမှုကို မြို့တော် ဗီယင်ကျန်း၌ နိုဝင်ဘာ ၂၄ ရက်တွင် စတင်ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် လာအိုဝန်ကြီးချုပ် ဆိုနီ ဆေးဆီဖန်ဒုံးက ခရီးသွားလုပ်ငန်း မြှင့်တင်ရေးသည် နိုင်ငံအတွက် အရေးကြီးပြီး အဓိပ္ပာယ်ပြည့်ဝသည့် လှုပ်ရှားဆောင်ရွက်ချက်အဖြစ် ရှုမြင်ကြောင်း ပြောကြားသည်။

လာအိုခရီးသွားနှစ်တွင် နိုင်ငံသားများက နွေးထွေးသော အပြုံးများနှင့် ပွင့်လင်းသော နှလုံးသားများဖြင့် ကမ္ဘာတစ်စင်းမှ ဧည့်သည်များအားဝန်ဆောင်မှုများပေးအပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

"ဒါဟာ လာအိုနိုင်ငံရဲ့ ကြွယ်ဝတဲ့ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းတွေကို ကမ္ဘာကို ပြသဖို့ ဧည့်သည်တွေအတွက် အမှတ်တရအတွေ့အကြုံတွေ ဖန်တီးဖို့နဲ့ အနာဂတ်မှာ လာအိုကို ပြန်လည်လည်ပတ်ရေးအားပေးဖို့ အခွင့်အရေးပါပဲ"ဟု ၎င်းက ပြောကြားသည်။

လာအိုအစိုးရသည် ၂၀၂၄ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် အနည်းဆုံး ၂ ဒသမ ၇သန်းကို ဆွဲဆောင်သွားမည်ဖြစ်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၄၀၁ သန်းခန့်ရရှိမည်ဟု မျှော်မှန်းထားကာ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်ဝင်ရောက်မှု ၂ ဒသမ ၉ သန်းနှင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၄၃၄ သန်း ရရှိမည်ဟု ခန့်မှန်းထားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ အဆောက်အအုံပေါင်း ၁၂၀ ထပ်မံ တည်ဆောက်မည်

ဒါကာ နိုဝင်ဘာ ၂၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းခရိုင် ၁၃ ခုတွင် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၁၂၀ ထပ်မံ တည်ဆောက်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရက ဆုံးဖြတ်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

မုန်တိုင်းဒဏ်ခံအဆောက်အအုံများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ၏ စီမံကွပ်ကဲမှုဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၇ ခုနှစ် ဒီဇင်ဘာလအတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း Financial Express သတင်းဌာနက နိုဝင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန၏ တာဝန်ရှိသူ ဖီရော့ဇ်အက်ဒင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ အန္တရာယ်အစီရင်ခံစာ(၂၀၂၂)တွင် နိုင်ငံပေါင်း ၁၉၂ နိုင်ငံအနက် ဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အဆင့် ၉ နေရာတွင်ရှိပြီး အာရှနိုင်ငံများတွင် ပဉ္စမနေရာတွင် ရှိနေကြောင်း ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လူဦးရေသန်း ၁၆၀ ၏ ငါးပုံတစ်ပုံကျော်ကို ကိုယ်စားပြုသည့်ခရိုင် ၁၇ ခုရှိကမ်းရိုးတန်းဒေသများနှင့် အခြားဆိုင်ကလုန်းမုန်တိုင်း ကျရောက်နိုင်ခြေရှိသော ဒေသများတွင် နေထိုင်သူ ၃၅ သန်းခန့်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရသည် ကမ်းရိုးတန်းဒေသတွင် နေထိုင်သော ပြည်သူများအတွက် သဘာဝဘေးအန္တရာယ် လျော့ပါးစေရေးအတွက် ၂၀၂၀ ပြည့်နှစ်တွင် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၂၀၀၀ နှင့် သဘာဝဘေးဒဏ်ခံနိုင်သော အိမ်ခြေ ၁၀၁၃၀ တို့ကို ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို အများဆုံးရင်ဆိုင်နေရကြောင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းနှင့် အပူပိုင်းမုန်တိုင်းများသည် ယခုအခါဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မကြာခဏ ဝင်ရောက်နေကြောင်းလည်း သိရသည်။ **ကိုးကား – ဆင်ဟွာ**
ဘာသာပြန် – အလင်းသစ်

အာဖဂန်အာဏာပိုင်များက နိုင်ငံတစ်ဝန်း၌ ကျန်းမာရေးစောင့်ရှောက်ရေးစင်တာ ၂၈၅ ခု ဆောက်လုပ်မည်

ကဘူး နိုဝင်ဘာ ၂၅

အာဖဂန်အာဏာပိုင်များသည် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်အများအပြားတွင် ကျန်းမာရေးစောင့်ရှောက်ရေးစင်တာ ၂၈၅ ခု ဆောက်လုပ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ TOLOnews ရုပ်သံလိုင်းက နိုင်ငံ၏ ထိပ်တန်းကျန်းမာရေးအရာရှိ၏ ပြောကြားချက်ကို ကိုးကား၍ ယနေ့ သတင်းဖော်ပြသည်။

နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် ကျန်းမာရေးဝန်ထမ်းအင်အားလျော့နည်းလျက်ရှိသည့်လက်ရှိအချိန်တွင် ကျန်းမာရေးဝန်ကြီးဌာနက လေ့ကျင့်သင်ကြားပေးထားသော ပြည်ပရောက် ကျွမ်းကျင်ဆရာဝန်များကို ၎င်းတို့၏ မွေးရပ်မြေသို့ ပြန်လာရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီး ကွာလန်ဒါအီဘတ်က ပြောကြားသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ခုတင် ၄၅၀၀၀ ခန့်လိုအပ်ကြောင်းလည်း ၎င်းက ဆိုသည်။ လက်ရှိတွင် နိုင်ငံအတွင်း၌ ဆေးခုတင်အရေအတွက်သည် မျှော်မှန်းထားသော ပမာဏ၏ ၃၀ ရာခိုင်နှုန်းအောက်သာ လျော့နည်းလျက်ရှိသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံးက ထုတ်ပြန်သည့် အစီအစဉ်အရ အာဖဂန်နစ္စတန်နိုင်ငံ၌ ကလေး ၇ ဒသမ ၅ သန်းနှင့် အမျိုးသမီး ၃ ဒသမ ၁ သန်း အပါအဝင် လူပေါင်း ၁၄ သန်းသည် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

ပထမဆုံးဓားစာခံအုပ်စုကို ဟားမတ်အဖွဲ့ လွှတ်ပေး

ကျေရှဆလင် နိုဝင်ဘာ ၂၅

ဟားမတ်အဖွဲ့က ဂါဇာကမ်းမြောင်ဒေတွင် ထိန်းသိမ်းထားရာမှ ပထမအသုတ်အဖြစ်လွှတ်ပေးခဲ့သည့် အစ္စရေးနိုင်ငံသား ၁၃ ဦးကို နိုဝင်ဘာ ၂၅ ရက်တွင် မိမိတို့လက်ခံရရှိခဲ့ကြောင်း အစ္စရေးနိုင်ငံတကာလုံခြုံရေးအေဂျင်စီက ပြောကြားသည်။ ကလေးများနှင့် အမျိုးသမီးများ ပါဝင်သော ပြန်လည်လွှတ်မြောက်လာသည့် ဓားစာခံများကို လက်ရှိအချိန်တွင် အစ္စရေးနိုင်ငံတောင်ပိုင်းရှိ အစ္စရေးတပ်ဖွဲ့စခန်းသို့ ပို့ဆောင်မည်ဖြစ်ကာလိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဒန်နီယယ် ဟာဂရီက ပြောကြားသည်။ ထို့ပြင် ယခုပထမဆုံးအကြိမ် ဓားစာခံလွှတ်ပေးမှုတွင် ထိုင်းနိုင်ငံသား ၁၀ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား တစ်ဦးတို့ကိုလည်း ထပ်မံလွှတ်ပေးခဲ့သဖြင့် စုစုပေါင်း ဓားစာခံ ၂၄ ဦးကို လွှတ်ပေးခဲ့သည်ဟု သိရသည်။

အလားတူ အစ္စရေးနိုင်ငံ အိုဖာအကျဉ်းထောင်တွင် ထိန်းသိမ်းထားသည့်ပါလက်စတိုင်းအကျဉ်းသား ၁၅၀ကိုလည်း အစ္စရေးကနိုဝင်ဘာ ၂၅ရက်တွင် ပြန်လွှတ်ပေးခဲ့သည်။ ဟားမတ်အဖွဲ့ ပြန်လည်လွှတ်ပေးမည့် ထိုင်းနိုင်ငံသားများကို သွားရောက်ကြိုဆိုရန် ထိုင်းသံရုံးမှ တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်နေကြောင်း ထိုင်းဝန်ကြီးချုပ် သာဗီဆင်က ပြောကြားသည်။

၎င်းတို့ကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

ဂျပန်နိုင်ငံ မြို့တော်တိုကျိုဌ် အမြင့်ဆုံး မိုးမျှော်တိုက်တစ်လုံး ယနေ့ဖွင့်လှစ်

တိုကျို နိုဝင်ဘာ ၂၅

ဂျပန်နိုင်ငံ မြို့တော်တိုကျိုဌ် အမြင့်ဆုံးအဆောက်အအုံတစ်ခုဖြစ်သည့် မီတာ ၃၃၀ မြင့်မားသော မိုးမျှော်တိုက်တစ်လုံးကို ယနေ့ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုရီဂျေပီတာဝါတွင် စျေးဆိုင်များ၊ ရုံးခန်းများနှင့် လူနေအိမ်များအတွက် အထပ်ပေါင်း ၆၄ ခု ပါရှိသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဧည့်သည်များသည် မိုးမျှော်တိုက်အသစ်သို့ စျေးဝယ်ထွက်ကြပြီး နေ့လယ်စာသုံးဆောင်ကြသည်။ မိုရီဂျေပီတာဝါသည် တိုကျိုမြို့လယ်ရှိ အထင်ကရနေရာသစ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိကာ နိုင်ငံခြားဧည့်သည်များကို ဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တာဝါသည် တိုရန်နိုမွန်နှင့် အာဇာဘူဒိုင်ခရိုင်များရှိ မိုရီဆောက်လုပ်ရေးကုမ္ပဏီက ပြန်လည်တည်ဆောက်ထားသည့် ရှစ်ဟက်တာ ကျယ်ဝန်းသော Azabudai Hills အဆောက်အအုံ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ယင်းအဆောက်အအုံတွင် အလုပ်သမား ၂၀၀၀၀ အတွက် လုံလောက်သော ရုံးခန်းများနှင့် ပြည်သူ ၃၅၀၀ အတွက် နေအိမ်ခန်းများ ရှိသည်။

ထို့ပြင် ဒစ်ဂျစ်တယ်အနုပညာပြတိုက်နှင့် အခြားယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများလည်း ရှိသည်။ သဘာဝဘေးအန္တရာယ်များအတွင်း လူပေါင်း ၃၆၀၀ ဝန်းကျင်အတွက် ခိုလှုံစရာနေရာအဖြစ်လည်း ပေးစွမ်းနိုင်သည်။ အဆိုပါ အဆောက်အအုံသည် တိုကျိုမြို့တော်ကို နိုင်ငံတကာ အပြိုင်အဆိုင် မြို့တော်တစ်ခုဖြစ်လာစေရန် ကူညီပေးမည်ဟု မျှော်လင့်ကြောင်း မိုရီဆောက်လုပ်ရေးကုမ္ပဏီ အကြီးအကဲ နာကာဟီရိုကီက ပြောသည်။ မြို့တော်တွင် မိုးမျှော်တိုက်များ အရှိန်အဟုန်ဖြင့် ဆက်လက်တည်ဆောက်လျက်ရှိသည့်အတွက် အဆိုပါ အဆောက်အအုံသည် ဂျပန်နိုင်ငံ၏ အမြင့်ဆုံးအဆောက်အအုံအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်သည်။

တိုကျိုဘူတာအနီးတွင် ၂၀၂၈ ခုနှစ်တွင် ပြီးစီးရန်စီစဉ်ထားသော မိုးမျှော်တိုက်တစ်လုံးသည် အမြင့် ၃၈၅ မီတာ မြင့်မည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား – အင်နိုအိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Nan Dar 78987" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မှော်တောင်ရပ်ကွက်နေ ဝင်းချိုဇင်အား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Ko Hein Min" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သံလျက်မှော်တောင်ရပ်ကွက်နေ ဇာမင်းဟိန်းအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "@aungkolatt1987" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကစင်ကျေးရွာနေ အောင်ကိုလတ်(၁) အောင်အောင်အား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၄၃၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၄၃၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သိမ်းဆည်းရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် ကြိုတင်သတင်းရရှိထားသူ မောင်ကကို စစ်ဆေးရှာဖွေရာ ၎င်းသယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့ပြီး သတင်းကွင်းဆက်အရ နိုဝင်ဘာ ၂၃ ရက်ညနေ ၃ နာရီခွဲတွင် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်တွင် ကိုကိုလင်း(၁)လင်းလင်းကို ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၃၁၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၈၅ ကီလို၊ ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ အလားတူ လူငယ်များကိုအန္တရာယ်ဖြစ်စေမည့် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချခြင်းများကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မောင်ကနှင့် ကိုကိုလင်း(၁)လင်းလင်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဆိုင်ကယ်အပိုပစ္စည်းဖြစ်သည့် KENKO Chain & Sprocket ၁၁၀၀၈ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၁၆၂၆၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၂၁၆၂၆၄)ကို သိမ်းဆည်းရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ရန်ကုန်–မော်လမြိုင် ပြည်ထောင်စုလမ်းမကြီး (မိုင်တိုင်အမှတ် ၉၆ မိုင် ၇ ဖာလုံ)အနီး၌မြဝတီမြို့မှ ညောင်လေးပင်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Lipovitan–D အားဖြည့်အချိုရည် ပုလင်း ၅၀၀၀၊ Lactasoy ပဲနို့ဘူး ၄၆၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီးနှင့် King Long Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ Camel Motorcycle Tube ၈၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၄ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့ သဃ်နံ်းညီနောင် ရွာသစ်ကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ Lactasoy ပဲနို့ဘူး ၄၃၂၀၊ ပုစွန်နှစ်ကောင် ဟင်းသီးဟင်းရွက်ဆီ ငါးလီတာပါ ဘူး ၁၅၀၊ Lipovitan–D အားဖြည့်အချိုရည် ပုလင်း ၁၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Caravn တစ်စီးနှင့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၀၀၀၀)(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၉၆၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၆၁၂၆၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၁-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၇၀	၂၂၂၀	၂၂၁၅	၂၁၈၀	၂၂၂၀	၂၂၄၅	၂၂၃၀	၂၂၀၅	၂၃၀၅	၂၃၂၀	၂၂၁၀	၂၂၀၀	၂၂၅၅	၂၂၆၀	၂၂၆၀	၂၄၉၀	၂၀၆၀
95 Ron	၂၃၀၀	၂၃၅၀	၂၃၄၅	၂၃၀၅	၂၃၄၅	၂၃၇၀	၂၃၅၅	၂၃၃၀	၂၄၃၀	၂၄၄၅	၂၃၄၀	၂၃၅၅	၂၃၈၅	၂၃၈၅	၂၃၈၅	၂၆၁၅	၂၉၆၀
HSD (500 ppm)	၂၂၀၀	၂၂၄၅	၂၂၄၀	၂၂၀၅	၂၂၄၅	၂၂၇၀	၂၂၆၅	၂၂၃၀	၂၃၅၀	၂၃၄၅	၂၂၄၀	၂၂၄၅	၂၂၀၅	၂၂၀၅	၂၂၀၅	၂၅၁၅	၃၁၉၀
HSD (50 ppm)	၂၂၉၀	၂၃၄၀	၂၃၄၀	၂၃၀၀	၂၃၄၀	၂၃၆၅	၂၃၆၀	၂၃၂၅	၂၄၄၅	၂၄၄၀	၂၃၃၀	၂၃၄၅	၂၃၇၅	၂၃၀၀	၂၃၀၀	၂၆၁၀	၃၂၅၀
HSD (10 ppm)	၂၂၉၅	၂၃၄၅	၂၃၄၀	၂၃၀၅	၂၃၄၀	၂၃၆၅	၂၃၆၀	၂၃၃၀	၂၄၄၀	၂၄၄၅	၂၃၃၅	၂၃၄၅	၂၃၀၀	၂၃၀၀	၂၃၀၅	၂၆၁၅	၃၂၅၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၆၄	၂၁၃၉
95 Ron	၂၁၈၆	၂၂၆၃
HSD (500 ppm)	၂၀၉၀	၂၁၆၁
HSD (50 ppm)	၂၁၈၀	၂၂၅၃
HSD (10 ppm)	၂၁၈၃	၂၂၅၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မော်လမြိုင်မြို့၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်း ပြုလုပ်

မော်လမြိုင် နိုဝင်ဘာ ၂၅

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း မြတ်ပန်းမာလာခန်းမ၌ ကျင်းပသည်။

ဦးစွာ စကားဝိုင်းတွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းကိုဆက်လက်ကျင်းပရာ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာပေ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဆက်လက်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သံယောဇဉ်မိုးက အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်များ ပေးအပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်များကို တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက လေ့လာခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မိုးနဲမြို့နယ်၌ မယ်ဇလီမြိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုစစ်ဆေး

မိုးနဲ နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယာဇကမများစွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက မိုက်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းမိုးနဲမြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် မယ်ဇလီမြိုင် ကျေးရွာတွင် အရှည် ၂မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ယင်းလမ်းပေါ်ရှိ အရှည် ၁၂ ပေ၊ အကျယ် ၁၆ပေ၊ အမြင့် ၆ ပေရှိ ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် (၈၃ ဒသမ ၇၀၄) သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ သြဂုတ်လ ပထမအပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများအားလုံး ၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၂၄၁ အိမ်၊ လူဦးရေ ၁၀၇၇ ဦးတို့၏ လယ်ယာဇက ၁၉၇၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

JJJ

✪ MFF မှ

ဂိုးမရှိသရေကျနေသဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး MIU အသင်းက တစ်ဂိုးတည်းဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ် ပွဲစဉ်များကိုနိုဝင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး VUC အသင်းနှင့် M-Million အသင်း၊ MIU အသင်းနှင့် Generations အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - MFF

✪ MNL မှ

ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက် အသင်းက ၅၃ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၄ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်းခ၌ ကျင်းပသည့်ပွဲတွင် အား/ကာ သိပ်ပွဲအသင်းနှင့် ရတနာပုံအသင်း တစ်ဂိုးစီသရေကျခဲ့ သည်။ ဂုဏ မိနစ်တွင် ဇာနည်က အား/ကာသိပ်ပွဲ အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ပွဲပြီးခါနီး တွင် ကောင်းထက်ပိုင်က ရတနာပုံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ်ပွဲအသင်းမှ ဇာနည်က ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ်ပွဲအသင်းက ၂၆ မှတ်၊ ရတနာပုံအသင်းက အမှတ် ၂၀ ရရှိထားသည်။

ပွဲစဉ်(၂၀) တတိယနေ့ကို နိုဝင်ဘာ ၂၆ ရက် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်းခ၌ ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL

“ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၈၅)၊ အခန်း(၆၀၁)-A၊ ၆ လွှာ အခန်းအားပိုင်ဆိုင်သူ မသန္တာဝင်းထက်[၁၂/ပဘတ(နိုင်)၀၃၅၂၁၀၁]ထံမှ ကျွန်မ ဒေါ်နီနီဝင်း[၁၂/ရကန(နိုင်)၀၄၃၄၉၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နီနီဝင်း
[၁၂/ရကန(နိုင်)၀၄၃၄၉၇]
Ph:09-5107532

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၈၉၅/က၊ ဇရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၈၉၅/က)၊ ရတနာပုံ(၅)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစန်းလွင် (TKA-၀၂၈၁၇၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးစန်းလွင်(TKA-၀၂၈၁၇၉)(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ဌေး [၁၂/သကတ(နိုင်)၀၂၃၅၇၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၈၅/၁၄-၂-၂၀၂၃ ရသူ ဦးသန်းစိုးအောင်[၁၂/သလန(နိုင်)၁၁၄၄၈၃] မှ ကွယ်လွန်သူ ဦးစန်းလွင်၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားသော ဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြန်မာ့ဥပဒေထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေအရ မိမိသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း ဒေါ်ခင်ဌေးကိုယ်တိုင် ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးစန်းလွင်၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ပါပါ၊ ပါပါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲထက်အောင် [၉/နထက(နိုင်)၁၉၇၁၁၃]သည် (၂-၅-၂၀၂၃) ရက်နေ့တွင် Yelin Myanmar General Services Co.,Ltdတွင် Director တစ်ယောက်အဖြစ် တွဲဖက် Director တစ်ဦးဖြစ်သူ ဦးဇော်လင်းနိုင် [၉/အမရ(နိုင်)၁၀၈၇၃၉] နှင့်အတူ စတင်တည်ထောင်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲထက်အောင်သည် ၎င်းကုမ္ပဏီလုပ်ငန်းများတွင် ဆက်လက်တွဲဖက်လုပ်ကိုင်လိုခြင်း ဆန္ဒမရှိတော့ပါသဖြင့် ၎င်း(Yelinn Myanmar General Services Co.,Ltd) Director အဖြစ်မှ မိမိသဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းကုမ္ပဏီနှင့် ပတ်သက်၍ ကိစ္စအဝဝအား ကျွန်ုပ်၏ မိတ်ဆွေနှင့် မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ အကယ်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နိုင်နိုင်ဝင်း (LL.B) (စဉ်-၁၄၅၈၅)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၃၀၇)၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖကြီးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-262677793, 09-795678993

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၈၉-၁၄၊ ဦးပိုင်အမှတ်(၁၀)/၁၀ဂလမ်း၊ ၄၆ x ၄၇လမ်းကြားရှိ ဦးရဲဖြင့်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်အေးစန္ဒာက တရားပြိုင် ဦးရဲဖြင့်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ်-(၁၁၀၅/၂၀၂၂)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဒေါ်အေးစန္ဒာ[၁၃/ကခန(ဧည့်)၀၀၀၄၈၈]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် သ-၁၂၊ ဦးပိုင်အမှတ်(၅၄)/၁၁၅-A x ၁၁၆ လမ်းကြား၊ ၆၁-C လမ်းရှိ ဦးကျော်သူအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်နီနီသန်းက တရားပြိုင် ဦးကျော်သူအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-(၉၅/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဒေါ်နီနီသန်း[၉/မနတ(နိုင်)၀၄၅၅၃၀]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၁၈)ရှိ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ပထမထပ်(၂)လွှာ (ခေါင်းရင်းခန်း)(၁၅ပေ x ၅၄ပေ)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ဝင်းရီ[၁၂/စခန (နိုင်)၀၁၆ဃ၂၅](ကစ)ဒေါ်သန္တာလင်း[၁၂/ကမရ(နိုင်)၀၀၂၇၂၄]-ဦးကျော်သီဟ[၁၂/တမန(နိုင်)၀၉၁၈ဧ၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိ သူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ဇဗျူရစ်လမ်း၊ အမှတ်(၂၀)ရှိ Hall(စ၃)Condo တိုက်၏(၄)လွှာ(၂စပေ x ၆၀ပေ) ခန့်ရှိ အများသုံးဓာတ်လှေကား ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ထွေးထွေးညွှန့်[၁၂/မဂဒ(နိုင်)၀၁၇၄၅၄](ကစ)သား ဦးဝေယ်မင်းထွန်း[၁၂/မဂဒ(နိုင်)၀၈၅၄၇၈]ထံမှ ဦးကျော်သူရ[၁၂/စခန(နိုင်)၀၂၁၄၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိ သူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြသင်္ဂီလမ်း၊အမှတ်(၃)ရှိ ၂ ခန်းတွဲ ၆ ထပ်တိုက်၏(၅)လွှာ(ခြေရင်းခန်း)(၁၂ပေ x ၅၀ပေ) ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့်တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ခင်နုနု[၁၂/ဒဂန (နိုင်)၀၁၈၄၂၂](ကစ)သမီး ဒေါ်ညီညီတင်[၁၂/မရက(နိုင်)၁၀၂၄ဂ၁]ထံမှ ဦးစိုင်းအိုက်လှိုင်းပန်[၁၃/မဆတ(နိုင်) ၀၅၂၃ဂ၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိ သူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
Japan -ဘုန်းမြင့်(ငါးသိုင်းချောင်း)(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)
အမှတ်(၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။ Ph:09-767772099, 09-774597373, 09-767779901

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒကွိုဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

၂၅-၁၁-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

စဉ်	နဝကမ္ဘ အမည်	အလှူငွေ (ကျပ်)
၇၅၆။	ပညာရိပ်သာကျောင်းဆရာတော် ဦးဂန္ဓာစာရနှင့် တပည့်ဒါယကာများကောင်းမှု	၅၀၀၀၀၀၀
၇၅၇။	ဒုတိယဗိုလ်မှူးကြီးဖုန်းအောင်လင်းနှင့်ဇနီး ဒေါ်သဲသဲမွန်၊ (သား)မောင်အောင်ကောင်းဆစ်၊ (သမီး)မသဲရွှေရည်လင်း၊ မသဲဖြူစင်လင်း မိသားစုကောင်းမှု	၂၅၀၀၀၀၀
၇၅၈။	ရွှေရတုအထိမ်းအမှတ်အဖြစ် အမျိုးသမီးစစ်သူနာပြုသင်တန်း အမှတ်စဉ်(၁၀)မှမိသားစုများကောင်းမှု	၁၈၀၀၀၀၀
၇၅၉။	ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်မြမြဝိုး၊ (မြေး)မသုန္ဒရီဆုလာဘ်ခိုင်မိသားစုကောင်းမှု	၁၀၀၀၀၀၀
၇၅၀။	ဗိုလ်မှူးကြီးမြင့်သိန်း(ရေ)(ငြိမ်း)နှင့်ဇနီး ဒေါ်မေမေတင် မိသားစုကောင်းမှု	၅၀၀၀၀၀
၇၅၁။	ကွယ်လွန်သူဖခင် ဦးကျော်အေး၊ သားကြီး ဗိုလ်မောင်မောင်အေး(တေဇ-၉)တို့အားရည်စူး၍ ဇနီး ဒေါ်မြမြသွင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု	၅၀၀၀၀၀
၇၅၂။	ကွယ်လွန်သူ ဒေါ်ကြင်မြအားရည်စူး၍ ဦးမောင်လေး မိသားစုကောင်းမှု	၁၁၀၀၀
၇၅၃။	ဒေါ်စောဆုမိသားစုကောင်းမှု	၁၀၀၀၀
၇၅၄။	ဦးစိုးထက်နှင့်ဇနီး ဒေါက်တာသန်းသန်းရီ၊ (သား) မောင်ကျော်မင်းထက်၊ (သမီး) မမြသဇွာထက် မိသားစုကောင်းမှု	၁၀၀၀၀၀
၇၅၅။	ဒေါ်သီတင်တင်ဝင်းမိသားစုကောင်းမှု	၁၀၀၀၀
၇၅၆။	ဦးမြင့်သင်းအောင်မိသားစုကောင်းမှု	၁၀၀၀၀
၇၅၇။	နှစ်ဖက်သောမိဘများနှင့် ခင်ပွန်းဖြစ်သူ ဦးရဲနောင် အားရည်စူး၍ ဒေါ်ခင်သန်းဌေး၊ (သမီး)မကေသီရဲနောင်၊ (သား) မောင်ရဲမင်းပိုင်မိသားစုကောင်းမှု	၁၀၀၀၀
၇၅၈။	ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်သော ဦးသန်းစိန်နှင့် ဒေါ်ခင်ခင်အေးတို့အားရည်စူး၍ ဒေါ်တင်သန်းအေးမိသားစုကောင်းမှု	၁၀၀၀၀
၇၅၉။	ဦးခင်ဇော်နှင့်ဇနီး ဒေါ်ကြူကြူသန်း မိသားစုကောင်းမှု	၁၀၀၀၀
၇၆၀။	ဒေါ်မိမိရီမိသားစုကောင်းမှု	၁၀၀၀၀
၇၆၁။	ဦးစိုးမြင့်သိန်းနှင့်ဇနီး ဒေါ်ဝင်းမာဦးမိသားစုကောင်းမှု	၁၀၀၀၀
၇၆၂။	မိခင်ကြီး ဒေါ်ခင်မေနှင့်ခင်ပွန်း ဦးသိန်းထိုက်အား ရည်စူး၍ ဒေါ်ပပလင်းနှင့် သားများမိသားစုကောင်းမှု	၁၀၀၀၀
၇၆၃။	ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်သီတာ၊ (သား) ဦးနေမျိုးဇော် မိသားစုကောင်းမှု	၁၀၀၀၀
၇၆၄။	ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ဒါရိုက်တာစာရေးဆရာ ကျော်နိုင်နှင့် ဒေါ်ယဉ်ယဉ်တို့အားရည်စူး၍ ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်လဲ့လဲ့ခိုင်မိသားစုကောင်းမှု	၁၀၀၀၀
၇၆၅။	ဗိုလ်မှူးကိုကိုလတ်နှင့်ဇနီး ဒေါ်ယုရွှေဝင်း မိသားစုကောင်းမှု	၁၀၀၀၀
၇၆၆။	ဦးသန်းအောင်နှင့်ဇနီး ဒေါ်လီလီမိသားစုကောင်းမှု	၁၀၀၀၀
၇၆၇။	ဦးဝင်းဟန်နှင့်ဇနီး ဒေါ်ဝေဝေမြင့်မိသားစုကောင်းမှု	၁၀၀၀၀
၇၆၈။	ဦးသန်းအောင်ရှိန်နှင့်ဇနီး ဒေါ်ခင်မျိုးလှ မိသားစုကောင်းမှု	၁၀၀၀၀
၇၆၉။	ဦးအောင်မြင့်သွင်နှင့်ဇနီး ဒေါ်တင်တင်ဌေး မိသားစုကောင်းမှု	၁၀၀၀၀
၇၇၀။	ဦးတင်အောင်ဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်နီ မိသားစုကောင်းမှု	၁၀၀၀၀
၇၇၁။	ကွယ်လွန်သူမိဘများဖြစ်သော ဦးလှမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု	၁၀၀၀၀
၇၇၂။	ဦးအောင်ဖြိုးနှင့်ဇနီး ဒေါ်ဖြူဖြူကျော်၊ (သမီး)မမြတ်ခွန်းချို၊ မကြယ်စင်ချိုမိသားစုကောင်းမှု	၁၀၀၀၀
၇၇၃။	ဒေါ်ဝင်းအိအားရည်စူး၍ ဦးဝင်းတင့်မိသားစုကောင်းမှု	၁၀၀၀၀
၇၇၄။	ဦးရဲမြင့်နှင့်ဇနီး ဒေါ်ငွေအောင်မိသားစုကောင်းမှု	၅၅၀၀
၇၇၅။	ဆရာတော် ဦးဝိသုဒ္ဓိကောင်းမှု	၅၀၀၀
၇၇၆။	ဗိုလ်မှူးစိုးတင့်နှင့်ဇနီး ဒေါ်စောသောင်းမေ၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု	၅၀၀၀
၇၇၇။	ဆရာလေး ဒေါ်ခေမာနန္ဒီ(ခ)မငြိမ်းငြိမ်းဇော်ကောင်းမှု	၅၀၀၀
၇၇၈။	ဦးခင်ဇော်နှင့်ဇနီး ဒေါ်ခင်မြင်းမိသားစုကောင်းမှု	၅၀၀၀
၇၇၉။	ကွယ်လွန်သူ ဦးချစ်လင်းကိုကိုအားရည်စူး၍ ပြည်ပရောက်သူငယ်ချင်းများကောင်းမှု	၅၀၀၀
၇၆၀။	ဒေါ်အေးအေးသက်မိသားစုကောင်းမှု	၅၀၀၀
၇၆၁။	ဦးဒါနှင့်ဇနီး ဒေါ်ရွှေဝင်းမိသားစုကောင်းမှု	၅၀၀၀
၇၆၂။	မိခင် ဒေါ်စိန်စိန်ရွှေအားရည်စူး၍ ဒုတိယဗိုလ်မှူးကြီးမျိုးမင်းဦးနှင့်ဇနီး ဒေါ်ထက်ထက်အောင် မိသားစုကောင်းမှု	၅၀၀၀
၇၆၃။	ဦးမြင့်သိန်းနှင့် သင်တန်းသား/သူများကောင်းမှု	၅၀၀၀
၇၆၄။	ဒေါ်တင်တင်စန်းမိသားစုကောင်းမှု	၅၀၀၀
၇၆၅။	ဒေါ်အေးအေးစန်းမိသားစုကောင်းမှု	၅၀၀၀
၇၆၆။	ဒေါ်ခင်စိုးမိသားစုကောင်းမှု	၅၀၀၀
၇၆၇။	ဦးကြည်ဝင်းနှင့်ဇနီး ဒေါ်ခင်ဆွေမိသားစုကောင်းမှု	၅၀၀၀
၇၆၈။	ဒေါ်ယဉ်ငွေ၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု	၅၀၀၀
၇၆၉။	ဦးသန်းအောင်နှင့်ဇနီး ဒေါ်ရီရီမြ၊ (သမီး) မရီလွင်သန်း မိသားစုကောင်းမှု	၅၀၀၀
၇၇၀။	ဦးအောင်ကျော်နှင့်ဇနီး ဒေါ်စံပယ်ဝင်း၊ (သမီး) မဖူးပြည့်ပြည့်ကျော်၊ မရတနာမိသားစုကောင်းမှု	၅၀၀၀
၇၇၁။	ဦးအေးလွင်နှင့်ဇနီး ဒေါ်မြင့်မြင့်သိန်းမိသားစုကောင်းမှု	၅၀၀၀
၇၇၂။	ဦးတင်ဦးနှင့်ဇနီး ဒေါ်ခင်အုန်းမြင့်၊ (သား) မောင်ကျော်ကျော်လွင်၊ မောင်ဇော်ဇော်လွင်၊ မောင်ထွန်းထွန်းလင်း မိသားစုကောင်းမှု	၅၀၀၀
၇၇၃။	ဗိုလ်ကြီးအောင်မိုးကျော်နှင့်ဇနီး ဒေါ်စန္ဒာစိုး မိသားစုကောင်းမှု	၅၀၀၀
၇၇၄။	မောင်လေး မောင်ဇေယျာမင်းထွန်းအားရည်စူး၍ ဦးမင်းဇော်နိုင်နှင့်ဇနီး ဒေါ်မြင့်မော်၊ (သမီး) မခိုင်ခိုင်မင်းဇော်၊ မဟန်နီမင်းဇော်မိသားစုကောင်းမှု	၅၀၀၀
၇၇၅။	ဒေါက်တာမျိုးဇော်ဦးနှင့်ဇနီး သီဟသုခမွှေသိန် ဒေါ်အိအိမင်းမိသားစုကောင်းမှု	၅၀၀၀
၇၇၆။	ဒေါ်မြင့်သက်လှိုင်(ခ)ဒေါ်မီးငယ်မိသားစုကောင်းမှု	၅၀၀၀
၇၇၇။	ဗိုလ်မှူးခန့်မင်းဖြိုးမိသားစုကောင်းမှု	၅၀၀၀
၇၇၈။	ကွယ်လွန်သူ ဖခင်ကြီး ဦးစန်းလှိုင်အားရည်စူး၍ ဇနီး ဒေါ်မြင့်ကြည်၊ (သမီး) မမို့မို့ပန်မိသားစုကောင်းမှု	၅၀၀၀
၇၇၉။	ဒေါ်ညိုညိုခိုင်မိသားစုကောင်းမှု	၅၀၀၀
၇၈၀။	ဦးမင်းနိုင်ထွန်းနှင့်ဇနီး ဒေါ်ကြည်ကြည်စိန် မိသားစုကောင်းမှု	၅၀၀၀
၇၈၁။	ဦးမြင့်နိုင်နှင့်ဇနီး ဒေါ်နှင်းရီမိသားစုကောင်းမှု	၅၀၀၀

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လျှဒါန်းမည့် သာသနိကအဆောက်အဦးများအတွက် **ကြိတင်လျှာထားစာရင်းပေးသွင်းလျှဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလျှဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၇၁၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇာဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၁၀၁၃၇၀၀ ၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလျှဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) **၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

(ခ) ဒေါ်အေးအေးကြည် **၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၈၂၂၅၆**

ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရဝင်ကွက်အမှတ် ၃၅ စီ၇၊ မြေကွက်အမှတ် ၇၉၄၊ ဧရိယာ(၀.၀၁၈)ဧကာ၊ မြေကွက်တည်နေရာ အမှတ်(၂၁)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက် အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်ကျင်[၁၂/ဗဟန(နိုင်)၀၄၂၂၈၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးထွန်းနေဝင်း[၁၂/ဗဟန(နိုင်)၀၄၈၁၀၇]နှင့် ဒေါ်ခင်မြရီ[၁၂/ဗဟန(နိုင်)၀၄၂၀၃၄]တို့မှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၉ တွင် ဒေါ်ခင်မြရီနှင့် ဦးထွန်းနေဝင်းတို့မှ ကွယ်လွန်သူ ဒေါ်ကျင်ပိုင်ဆိုင်သောအိမ်နှင့်မြေ အကျိုးခံစားခွင့်အား အမွေထိန်းလက်မှတ်စာထုတ်ပေးရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁စ အရ လျှောက်ထားခြင်းအား (၃၀-၇-၂၀၁၉) ရက် ချမှတ်သောအမိန့်၊ အမွေ ထိန်းလက်မှတ်စာ(၃၁-၁-၂၀၂၀)ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၂၀၂၀ ပြည့်နှစ်၊ တရားမအထွေထွေမှုအမှတ်-၇၁ ဖြင့် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇(၂)အရ အမွေထိန်းလက်မှတ်စာပါပစ္စည်းအား စီမံပိုင်ခွင့်ပြုသည့် (၂၄-၇-၂၀၂၀)ရက်စွဲပါအမိန့်၊ နှစ်(၆၀)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ ဧရာ(၆)လမ်း၊ မြေကွက်အမှတ်(၉၄၁/ခ)၊ မြေအကျယ်အဝန်း-(၂၀၆၀/၁၈၆၀ × ၆၀၆၀)ရှိ နှစ်(၆၀)မြေငှားရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးဘုန်းမြင့်ကျော်(၁/မကန(နိုင်)၁၂၇၉၄၁) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုမြတ်မောင် (LL.B) ဒေါ်ကေကေနိုင် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) အထက်တန်းရှေ့နေ (စဉ်-၅၃၃၄)

ဦးဝင်းဦးဝေနိုင် (LL.B)

အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၄၄၊ ၀၉-၄၂၆၈၆၆၆၀၊

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မေမြတ်မွန် [၁၂/ကတတ(နိုင်)၀၃၃၁၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကျိတော်ရပ်ကွက်၊ အမှတ်(၉၃)၊ ၈-လွှာ(B)၊ တိုက်ခန်းနံ့ အကျိုးခံစာခွင့်အရပ်ရပ်အားလုံးအား ဒေါ်အေးအေးမြင့်အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ ရောင်းချသူ ဒေါ်ခင်လိမ္မာမိုး [၇/ပတတ(နိုင်)၀၈၇၁၅၆] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်ပြီး ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံတွင် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရတနာလွင်
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၉၆၄)
အမှတ် (၄၄)၊ ၄-လွှာ၊ ၁၂-လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၉၆၅၅၀၄၃၉၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်(ဝန်ထမ်းအိမ်ရာ)၊ မြေကွက်အမှတ်-၂၃၃/စီ၊ ထင်းရှူးမြိုင်လမ်း၊ မြေအကျယ်(၀.၁၃၄)ဧက၊ ဧရိယာ(၅၈၃.၅)ဝရန် နှစ်(၆၀)ဝရန် မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း(ငြိမ်း) [၁၃/လရန(နိုင်)၀၀၆၇၆၅] အမည်ပေါက် အမည်ဖြင့်တည်ရှိပြီး ၎င်းထံမှ စာချုပ်အဆက်ဆက်ဖြင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်ခင်မိမိထွန်း [၁/မရက(နိုင်)၁၆၇ ၇၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထူးထူးရင်(စဉ်-၈၀၂၄)
(LLB, L.L.M) (Credit)
တရားလွှတ်တော်ရှေ့နေ
တာဝါဘီ၊ အခန်းအမှတ်(၄၀၁)၊ လမ်း(၅၀)ကျန်ဒိ၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၂၇၁၂၉

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်-၂၊ ဦးပိုင်အမှတ်(၁၁)ခဲစင်း မြောက်ဘက်ခြမ်း/ ၅၂လမ်းx၁၁၁ လမ်းထောင့်ရှိ ဦးကျော်မြင့် အမည်ပေါက်ဂရန်မြေကွက်အား တရားလိုဦးကျော်ဆန်းက တရားပြိုင် ဦးကျော်မြင့်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော် တရားမကြီးမှုအမှတ်(၁၃၈/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဦးကျော်ဆန်း[၅/အရတ(နိုင်)၀၀၀၅၅၇၁] က တရားရုံးအမိန့်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

